# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## အဌမနေ့ အစီအစဉ်

## [ ၂၉–၁၁–၂၀၁၆ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့နယ်အတွင်းရှိ မိုင်းပတ်ကျေးရွာနှင့် မိုင်းကောင်ကျေးရွာတို့အား လျှပ်စစ်မီး ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းထွန်းအောင်၊ မိုင်းယောင်း မဲဆန္ဒနယ်၏ **မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းခတ် စသည့်မြို့ (၇) မြို့တို့၏ ညစဉ်မီးပေးနာရီကို (၄) နာရီသို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၏ **ပျော်ဘွယ်မြို့နယ်အရှေ့၊ ရွှေညောင်ဖူးကျေးရွာအနီးအထိ ဓာတ်အားခွဲစက်ရုံ တည်ဆောက်မှုကို ဖြည့်စွက်ရန်ပုံငွေမှ ကူညီပေးနိုင်ပါရန်၊ ပျော်ဘွယ်မြို့ အနောက်ခြမ်း ကျေးရွာများ၏ မီးလင်းရေး ကြိုးစားနေမှုကို ပံ့ပိုးကူညီနိုင်ရေးအတွက် တောင်ညောင်ကုန်းကျေးရွာအထိ ဓာတ်အားခွဲရုံများကို ကူညီ တည်ဆောက်ပေးနိုင်ပါရန်နှင့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပျော်ဘွယ်မြို့နယ်အတွက် သစ်သားဓာတ်မီးတိုင် ၈၄ တိုင် လဲလှယ်ရန်မှ အပ ရန်ပုံငွေခွဲဝေချထားမှုမရှိပါသဖြင့် ယခုတင်ပြချက်ကို အလေးထား ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းမြင့်အောင်၊ ဒီပဲယင်း မဲဆန္ဒနယ်၏ **ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် JICAမှ ပံ့ပိုးချေးငွေဖြင့် ဒုတိယစီမံချက်ဖြစ်သော 33 KV လျှပ်စစ်ဓာတ်အားခွဲရုံကို တည်ထောင်၍ နောက်ထပ် ရွာပေါင်း (၇၀)ကျော် လျှပ်စစ်မီးလင်းရေးကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်တို့ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်မြို့နယ်တွင် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသက်နောင်၊ လဟယ် မဲဆန္ဒနယ်၏ **လဟယ်မြို့နယ်၊ လွန်းထောင်း ကျေးရွာနှင့် ကူကူးနောက်ကုန်းကြား နန်ဖုတ်ချောင်းကူးတံတား တစ်စင်း ပေ ၄၀၀ အရှည် ဘေလီတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးကျော်ဌေး၊ လေရှီး မဲဆန္ဒနယ်၏ **မိုင်းလွတ်– ဆွမ္မရာလမ်း မြေသားလမ်း ၆၈ မိုင်၊ ကျောက်လမ်း ၂၀ မိုင်နှင့် ကတ္တရာလမ်း ၁၀ မိုင်တို့အား ၂၀၁၃–၂၀၁၄ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့ရာ အဘယ်ကြောင့် ယနေ့အထိ လုပ်ငန်းပြီးစီးမှု မရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ **မိုင်းရယ်မြို့နယ်အတွင်းရှိ နမ့်လန်း–ဟိုတိ–မန်ကျောင်းပန်ရှင်–လွယ်ငင်းကျေးရွာချင်းဆက် လမ်းအပိုင်း ၁၄ မိုင်ခန့်အား ရာသီမရွေးအသုံးပြုနိုင်သော ကတ္တရာလမ်း အဖြစ် တိုးမြှင့်ဖောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်က တင်သွင်းသည့် **"ပြည်ထောင်စု တစ်ဝန်း အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ် တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်း များနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာဒေါ်မေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၊

(ခ) ဦးခင်မောင်လတ်၊ မြန်အောင် မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(င) ဗိုလ်မှူးမြတ်သိန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(စ) ဦးအောင်မင်း၊ ဇလွန် မဲဆန္ဒနယ်၊

(ဆ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၊

(ဇ) ဦးမြင့်ဝေ၊ ဌ မဲဆန္ဒနယ်၊

(ဈ) ဦးဉာဏ်လင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်၊

(ည) ဦးအောင်ထူးမြင့်၊ အောင်လံ မဲဆန္ဒနယ်၊

(ဋ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်**

**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူကိုယ်စားလှယ်ဦးရေ ၃၉၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦးရှိပါတယ်။ ၎င်းတို့ ကတော့-

(၁) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊

(၂) မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် ခွင့် ၁ ရက်၊

(၃) မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် ခွင့် ၁ ရက်၊

(၄) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၂ ရက်၊

(၆) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၇) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက်၊

(၈) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်နှင့်

(၉) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၂၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၂၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တန့်ယန်းမြို့နယ်အတွင်းရှိ မိုင်းပတ်ကျေးရွာနှင့် မိုင်းကောင်ကျေးရွာတို့အား လျှပ်စစ်မီးဖြန့်ဖြူးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဌမနေ့သို့တက်ရောက်လာကြသော လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျေးရွာအုပ်စုနှစ်ခုသို့ လျှပ်စစ်မီးဖြန့်ဖြူး ပေးနိုင်ရေးကိစ္စမေးမြန်းလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တန့်ယန်းမြို့နယ်အတွင်းရှိ မိုင်းပတ်ကျေးရွာ အုပ်စုသည် ရွာပေါင်း ၁၃ ရွာ၊ အိမ်ခြေပေါင်း ၉၆၁ အိမ် နေထိုင်လျက်ရှိပါသည်။ တန့်ယန်းဓာတ်အား ခွဲရုံမှ စတင်စိုက်ထူခဲ့သော ဓာတ်တိုင်သည် မိုင်းပတ်ကျေးရွာထပ်ရှိ အမှတ်(၁၃၆)ခြေလျင်တပ်ရင်းသို့ ရောက်ရှိသွယ်တန်းထားပြီးဖြစ်သော်လည်း ကျေးရွာအတွင်းသို့ လျှပ်စစ်မီးဖြန့်ဖြူးပေးထားခြင်းမရှိပါ။ ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးကော်မတီလည်း ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

ထို့ပြင် တန့်ယန်းမြို့နယ်၊ မိုင်းကောင်ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်းခြောက်ခုနှင့် အိမ်ထောင်ခြေပေါင်း ၁၀၀၀ ကျော်ရှိပြီး အမှတ်(၃၃)ခြေလျင်တပ်ရင်းနှင့် တိုက်နယ်ဆေးရုံတစ်ခု၊ အစိုးရအထက်တန်းကျောင်းတစ်ကျောင်းရှိပါသည်။ ၎င်းကျေးရွာတွင်လည်း လျှပ်စစ်မီးဖြန့်ဖြူး ပေးထားခြင်းမရှိသဖြင့် ဆောင်ရွက်ပေးပါရန် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာလူထု တွေ့ဆုံပွဲတွင် ကျေးရွာလူထုမဲဆန္ဒရှင်များမှ တင်ပြကြပါသည်။ လျှပ်စစ်မီးသုံးစွဲခွင့်ရမှသာလျှင် စီးပွားရေး၊ လူမှုရေးတိုးတက်မြင့်မားပြီး ထင်းအသုံးပြုခြင်းကြောင့် သစ်တောပြုန်းတီး၍ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ

တန့်ယန်းမြို့နယ်အတွင်းရှိ မိုင်းပတ်ကျေးရွာနှင့် မိုင်းကောင်ကျေးရွာအုပ်စုတို့အား လျှပ်စစ်မီးဖြန့်ဖြူး ပေးနိုင်ရေးဆောင်ရွက်ပေးနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် မရှိသေးပါက မည်သည့် ခုနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မဲဆန္ဒရှင်ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့် မေးမြန်းသည့် တန့်ယန်း မြို့နယ်အတွင်းရှိ မိုင်းပတ်ကျေးရွာနှင့် မိုင်းကောင်ကျေးရွာတို့အား လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မရှိသေးပါက မည်သည့်ခုနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင် မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြေပုံနှင့်တကွ ရှင်းလင်းဖြေကြားခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ မိုင်းပတ်ကျေးရွာအုပ်စု၊ မိုင်းပတ်ကျေးရွာထိပ်ရှိ အမှတ်(၁၃၆)ခြေလျင်တပ်ရင်းအား ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ တန့်ယန်းဓာတ်အားခွဲရုံမှ ၁၁ ကေဗွီဓာတ်အားလိုင်း ၂၄ မိုင်အရှည်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားရတာဖြစ်ပါတယ်။ နယ်မြေဒေသလုံခြုံရေးအတွက် အဆိုပါတပ်ရင်းအား မဖြစ်မနေဓာတ်အားပို့လွှတ်ပေးထားရတာ ဖြစ်ပါတယ်။ ၁၁ ကေဗွီဓာတ်အားလိုင်းတစ်လိုင်းကို ဓာတ်အားပို့လွှတ်ပေးမယ်ဆိုရင် နည်းပညာအရ ၁၀ မိုင်ခန့်အရှည်ထိသာ တည်ဆောက်ပြီး ဓာတ်အား ပေးမှသာလျှင် ဓာတ်အားပျောက်ဆုံးမှုဟာ သတ်မှတ်ရာခိုင်နှုန်းအတွင်းရှိမှာဖြစ်ပါတယ်။ သို့ရာတွင် လက်ရှိတပ်ရင်းအား ဓာတ်အားပို့လွှတ်ထားရတဲ့ဓာတ်အားလိုင်းသည်ပင်လျှင် လိုင်းမိုင် ၂၄ မိုင် ရှည်လျားနေပြီဖြစ်တဲ့အတွက်ကြောင့် သတ်မှတ်ဓာတ်အားလိုင်းမိုင်ထက် ကျော်လွန်နေသည့်အတွက် ၎င်းတပ်ရင်းမှ ဝန်အားပြည့်သုံးစွဲချိန်တွင် ဗို့အားကျဆင်းမှုများဖြစ်ပေါ်ကာ အဆင်ပြေမှုများ ရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ တပ်ရင်းမှတစ်ဆင့် နောက်ထပ် ၁၁ ကေဗွီဓာတ်အားလိုင်း ကိုးမိုင်

ထပ်မံသွယ်တန်းမှသာ မိုင်းပတ်ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၁ ရွာ၏ အိမ်ခြေ ၈၇၇ အိမ်အတွက် ဓာတ်အားပေးနိုင်မှာဖြစ်ပါတယ်။ ထိုသို့ပေးပါက စုစုပေါင်း ၃၃ မိုင်အရှည်ထိ ရောက်ရှိသွားမှာဖြစ်ပြီး ကျေးရွာအုပ်စုများကပါ ဝန်အားပြည့်သုံးစွဲလာပါက ဗို့အားအလွန်အမင်းကျဆင်းမှုများ၊ ဝန်အား မနိုင်နင်းမှုများနှင့် ဓာတ်အားပျောက်ဆုံးမှုများ ဆိုးရွားစွာဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက်ကြောင့် နည်းပညာအရ အဆိုပါနည်းလမ်းဖြင့်ဆောင်ရွက်ရန် မသင့်တော်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့ကြောင့် မိုင်းပတ်ကျေးရွာအုပ်စုအပြင် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများဖြစ်သော နားငွေး ကျေးရွာအုပ်စု၊ ကုန်းမုံကျေးရွာအုပ်စု၊ နောင်ခမ်းကျေးရွာအုပ်စုနှင့် မန်ကတ်ရွာမအုပ်စု စုစုပေါင်း ကျေးရွာအုပ်စုငါးအုပ်စုရှိ ကျေးရွာ ၁၈ ရွာရှိအိမ်ခြေ ၁၁၉၈ အိမ်အား လျှပ်စစ်ဓာတ်အားပြည့်မီအောင် ဖြန့်ဖြူးပေးနိုင်ရန်အတွက် လက်ရှိတန့်ယန်းဓာတ်အားခွဲရုံတွင် နောက်ထပ် ၆၆/၃၃ ကေဗွီ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး ထပ်မံတိုးချဲ့၍တပ်ဆင်ရန် လိုအပ်ပါတယ်။ အဆိုပါ တပ်ဆင်ရမည့် ထရန်စဖော်မာ၏တည်နေရာအား မြေပုံပေါ်တွင် အဖြူရောင်နောက်ခံ အစိမ်းရောင်ဘောင် တြိဂံပုံနှင့် ဖော်ပြထားတာဖြစ်ပါတယ်။ ထို့အပြင် အဆိုပါခွဲရုံမှ တန့်ယန်း-မိုင်းပတ် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၄ မိုင်၊ အဆိုပါလိုင်းအား အညိုရောင် Drop Dash မျဉ်းဖြင့် တင်ပြထားတာဖြစ်ပါတယ်။ မိုင်းပတ် ကျေးရွာအုပ်စု၊ မိုင်းပတ်ကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ၊ အဆိုပါခွဲရုံ အား အညိုရောင်ဘောင် အဖြူရောင်နောက်ခံ တြိဂံပုံဖြင့် တင်ပြထားတာဖြစ်ပါတယ်။ ၎င်းခွဲရုံတို့ကို တည်ဆောက်ရမှာဖြစ်ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ပါမှသာ ဖော်ပြပါကျေးရွာအုပ်စု ငါးအုပ်စုရှိ ကျေးရွာ ၁၈ ရွာအပြင် အမှတ်(၁၃၆)ခြေလျင်တပ်ရင်းဟာလည်း ဝန်အားပြည့်ဗို့အားပြည့်မီစွာ လျှပ်စစ်ဓာတ်အားသုံးစွဲရရှိနိုင်မှာဖြစ်ပါတယ်။

ထို့အတူ မိုင်းကောင်ကျေးရွာအုပ်စုအပြင် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများဖြစ်သော ပါစန်ရွာမ ကျေးရွာအုပ်စု၊ ဆယ်ဟီကျေးရွာအုပ်စု၊ နမ့်လန်ကျေးရွာအုပ်စုနှင့် နားကုန်ကျေးရွာအုပ်စု စုစုပေါင်း ကျေးရွာအုပ်စုငါးအုပ်စုရှိ ကျေးရွာ ၃၅ ရွာရှိအိမ်ခြေ ၂၃၀၄ အိမ် လျှပ်စစ်ဓာတ်အားရရှိနိုင်ဖို့ အတွက်လည်း တန့်ယန်း ၆၆ ကေဗွီဓာတ်အားခွဲရုံမှ တန့်ယန်း-မိုင်းကောင် ၃၃ ကေဗွီလိုင်း ၂၄ မိုင်၊ အဆိုပါ ၂၄ မိုင်အား မြေပုံပေါ်မှာလည်း အညိုရောင်မျဉ်းဖြင့် ဖော်ပြထားတာဖြစ်ပါတယ်။ မိုင်းကောင် ကျေးရွာအုပ်စု၊ မိုင်းကောင်ရွာမကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေခွဲရုံတစ်ရုံ တည်ဆောက်ဖို့ စီစဉ်ရမှာဖြစ်ပါတယ်။

**မူကြမ်း**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားမရရှိသေးသော မြို့၊ ကျေးရွာများအထိ သုံးစွဲနိုင်ရန် နှစ်အလိုက်စီမံကိန်းများရေးဆွဲပြီး နှစ်စဉ်ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်ကာ ပြည်ထောင်စု ဘတ်ဂျက်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘတ်ဂျက်ဖြင့်လည်းကောင်း၊ နိုင်ငံတကာ နှစ်ရှည်ချေးငွေများဖြင့်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းပါ မိုင်းပတ်ကျေးရွာအုပ်စုနှင့် မိုင်းကောင်ကျေးရွာ အုပ်စုတို့ အပါအဝင်ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ အိမ်ခြေ ၃၅၀၂ အိမ် လျှပ်စစ်ဓာတ်အားရရှိရန် အတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းများအားလုံးရဲ့စုစုပေါင်း ကုန်ကျစရိတ် ကျပ်သန်း ၅၁၃၇ အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ဘဏ္ဍာရေးနှစ်အလိုက် ပြည်ထောင်စုဘတ်ဂျက်တွေမှာ ခွဲဝေ ထည့်သွင်းလျာထားပေးသွားမှာဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်းနှင့် ကျေးရွာများလျှပ်စစ်ဓာတ်အားရရှိရန်အတွက် လိုအပ်မည့် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၁၁/၀.၄ ထရန်စဖော်မာများနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းများကို ရှမ်းပြည်နယ်အစိုး၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးရန် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့သို့လည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းခတ် စသည့်မြို့ ခုနှစ်မြို့တို့၏ ညစဉ် မီးပေးနာရီကို ၄ နာရီသို့တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းအောင်(မိုင်းယောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ဆောင်ပုဒ်နှင့် ရွေးကောက်ပွဲမှာ ပြည်သူကမဲပေးခဲ့လို့ယခုဆိုရင် အစိုးရအဖွဲ့အထိ နိုင်ငံတော်တာဝန်ကိုယူလာခဲ့သည် မှာ ရက် ၁၀၀ ပင်ကုန်ဆုံးခဲ့ပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာရှိတဲ့ မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းခတ် စတဲ့မြို့တွေဟာ ယခင်အစိုးရလက်ထက်က

အတိုင်း အပြောင်းအလဲမရှိ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းမှ ညစဉ်မီးပေးချိန် ၂ နာရီခွဲသာ မီးပေးလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဒီဇယ်တစ်ဂါလန်ဈေးနှုန်းမှာ ကျပ် ၄၀၀၀ ခန့်ရှိသော်လည်း ယခုနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဒီဇယ်တစ်ဂါလန်ဈေးနှုန်း ၂၀၀၀ အထိ လျော့ကျလာပြီဖြစ်ကြောင်း မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မှူးထံမှ စုံစမ်းသိရှိရပါတယ်။ လောင်စာဆီဈေးနှုန်းကျဆင်းလာသည့်အချက်တစ်ခုတည်းပင်လျှင် ယခင်နှစ်လောင်စာဆီအတွက် ခွဲဝေချထားငွေအတိုင်း ရန်ပုံငွေခွဲဝေချထားပေးပါက မီးပေးချိန် ၂ နာရီခွဲ၏ နှစ်ဆဖြစ်သော ၅ နာရီအထိ တိုးမြှင့်ပေးနိုင်ခြင်းရှိသည်ဟု သုံးသပ်ရပါတယ်ခင်ဗျား။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်ရှိ တခြားမြို့နယ်များမှာ မဟာဓာတ်အားလိုင်း မီးသွယ်တန်းဖြန့်ဖြူးလျက်ရှိကြောင်း စုံစမ်းသိရှိရပါတယ်။ ရခိုင်ပြည်နယ်အတွက် ခွဲဝေသုံးစွဲသောဒီဇယ်များကို ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဖော်ပြပါမြို့နယ်များသို့ ခွဲဝေပေးနိုင်ပါမည်ဟု မျှော်လင့်ကြပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းခတ် စတဲ့မြို့ခုနှစ်မြို့ကို မီးပေးချိန် ၂ နာရီခွဲမှ ၄ နာရီအထိတိုးမြှင့်ပေးရေး အစီအစဉ်ရှိ/မရှိ ဖြေကြားပေးပါရန်နှင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းယောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင် မေးမြန်း သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မက်မန်း၊ မိုင်းယန်း၊ မိုင်းခတ်စသည့်မြို့ ခုနှစ်မြို့တို့၏ ညစဉ်မီးပေးနာရီကို ၂း၃၀ မှ ၄း၀၀ နာရီသို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိသိလိုခြင်းနှင့် စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့ခုနှစ်မြို့တို့တွင် မိုင်းဖြတ်မြို့အား

တစ်နေ့လျှင် ညစဉ် ၂း၀၀နာရီ၊ မိုင်းယောင်း၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်းနှင့် မိုင်းခတ်စသည့် မြို့ငါးမြို့အား တစ်နေ့လျှင် ညစဉ် ၂း၃၀ နာရီနှင့် မက်မန်းမြို့အား တစ်နေ့လျှင် ညစဉ် ၃း၀၀ နာရီအထိ ဒီဇယ်ဆီဖြင့်လျှပ်စစ်မီးထုတ်လုပ်ပေးတာ စိစစ်တွေ့ရှိရပါတယ်။ လက်ရှိအခြေအနေမှာ ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိတဲ့ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့ ဝေးလံခေါင်းပါးသော မြို့နယ်များကို ဒီဇယ်အင်ဂျင်စက်များဖြင့် မီးပေးလျက်ရှိပါတယ်။ နှစ်စဉ် တစ်နှစ်ထက်တစ်နှစ် ထိုသို့ ဒီဇယ်အင်ဂျင်စက်များဖြင့် မီးပေးရတဲ့မြို့နယ်အရေအတွက်များဟာလည်း တိုးတက်များပြားလာတာ ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ ဆွေးနွေးခဲ့သော ဒီဇယ်ဆီဈေးနှုန်းကျဆင်းသွားသည်မှာ မှန်သော်လည်း ဒီဇယ်ဆီဖြင့် လျှပ်စစ်ဓာတ်အားပိုတိုးချဲ့ပေးရတဲ့ မြို့နယ်အရေအတွက်များလည်း တိုးလာတာလည်းပဲ ဖြစ်ပါတယ်။ တချို့သောမြို့နယ်များဆိုရင် နယ်မြေလုံခြုံရေးအရ အရေးကြီးတဲ့အတွက် ကျွန်တော်တို့ မီးပေးချိန်နာရီကို မလွဲမသွေပေးနေရတဲ့ အခြေအနေတွေလည်း ရှိပါတယ်။ ထို့ကြောင့် နယ်မြေလုံခြုံရေးအခြေအနေတွေ အလွန်အရေးကြီးတဲ့မြို့နယ်များမှအပ အခြားကျန်ရှိနေသောမြို့နယ်များအား တစ်နေ့လျှင်ဓာတ်အားပေးချိန် ညစဉ် ၂း၀၀ နာရီ မှ ၃း၀၀ နာရီအတွင်း ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိနေတာ ဖြစ်ပါတယ်။ ဓာတ်အားတိုးတက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒီဇယ်ဆီခွဲတမ်းကို ၂၀၁၅ ခုနှစ် ဧပြီလမှာဆိုလို့ရှိရင် ၁၈၁၄၀ ဂါလန်မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ၂၀၄၇၃ ဂါလန်အထိ တိုးမြှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် တစ်နှစ်အတွင်းမှာ ကျွန်တော်တို့ ဂါလန် ၂၃၃၃ ဂါလန်ပိုမိုပံ့ပိုးပြီး ဓာတ်အားပို့ပေးနေတာရှိပါတယ်။ အဆိုပါမြို့များကို တစ်ရက်လျှင် ဓာတ်အားဖြန့်ဖြူးချိန် ၄း၀၀ နာရီအထိ တိုးမြှင့်ဓာတ်အားဖြန့်ဖြူးပေးရမည်ဆိုပါက လစဉ် ဒီဇယ်ဆီ ၆၆၃၄ ဂါလန် လက်ရှိအခြေအနေထက် ပိုပြီးထပ်မံပံ့ပိုးပေးရမှာဖြစ်ပြီး တစ်လလျှင် စက်သုံးဆီဝယ်ယူစရိတ် ၁၈၆၀၈၃၇၀ ကျပ်နှင့် သယ်ယူပို့ဆောင်စရိတ် ၂၄၅၃၀၀၀ ကျပ် စုစုပေါင်း ၂၁၀၆၁၃၇၀ ကျပ် ထပ်မံသုံးစွဲရန် လိုအပ်လာမှာ ဖြစ်ပါတယ်။ ယခုအဆိုပါမြို့နယ် ခုနှစ်မြို့နယ်ကို ဓာတ်အားဖြန့်ဖြူးပေးရာမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ယခု ပထမခြောက်လပတ် အတွင်းမှာကို ဝန်ကြီးဌာနမှ ကျပ်သန်း ၁၈၅.၁၄၆ သန်းကို အရှုံးခံပြီး ဓာတ်အားဖြန့်ဖြူးပေးနေရတာ ဖြစ်ပါတယ်။ ဒီဇယ်ဆီများဖြင့် ဓာတ်အားဖြန့်ဖြူးပေးရာမှာ ဒီဇယ်ဆီတစ်ဂါလန်ကိုသုံး၍ ဓာတ်အားထုတ်လုပ်လျှင် ဓာတ်အားပမာဏမျှ ၁၀ ယူနစ်သာ ထွက်ရှိပါတယ်။ ဓာတ်အားပြန်လည်ရောင်းချရာမှာ ဓာတ်အားတစ်ယူနစ်ရဲ့ရောင်းရဈေးဟာ ၃၅ ကျပ်သာရှိတဲ့အတွက်ကြောင့် ဒီဇယ်တစ်ဂါလန်ဖြင့် ဓာတ်အားထုတ်၍ရောင်းရတိုင်းမှာ ပြန်လည်ရရှိတဲ့ဝင်ငွေဟာ

၃၅၀ ကျပ်သာ ပြန်လည်ရရှိပြီး၊ ဒီဇယ်ဆီ တစ်ဂါလန်ရဲ့ပျမ်းမျှဈေးနှုန်းဟာ ၂၈၀၅ ကျပ်ဖြစ်တဲ့အတွက်ကြောင့် ပျမ်းမျှဒီဇယ်တစ်ဂါလန်သုံးပြီး၊ လျှပ်စစ်ထုတ်တိုင်း ဌာနက ၂၄၅၅ ကျပ် အရှုံးပေါ်နေတာဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းသကဲ့သို့ အဆိုပါဒေသများအားလုံးကို နေ့စဉ်ဓာတ်အားပေးချိန် လေးနာရီအထိ တိုးမြှင့်ဓာတ်အားပေးရမည်ဆိုပါက လစဉ်ဒီဇယ်ဆီဂါလန်ပေါင်း ၆၆၃၄ နောက်ထပ်အသုံးပြုပြီး လျှပ်စစ်ပေးရမယ့်နာရီကို တိုးချဲ့ပေးရမယ်ဆိုခဲ့လျှင် လစဉ်အရှုံးမှာ ထိုဒေသများအတွက် ၁၆၂၈၆၄၇၀ကျပ် အထိ တိုးမြှင့်လာမှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်းမရှိသေးသော မြို့၊ ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိစေရန်အတွက် လစဉ်ဆီခွဲဝေထောက်ပံ့မှုများကိုလည်း နှစ်အလိုက် ဘတ်ဂျက်ငွေ၊ ခွဲဝေခွင့်ပြုရရှိမှု အပေါ်မှာမူတည်ပြီးတော့ သင့်တင့်မျှတအောင် စီစဉ်ဆောင်ရွက်ပေးနေရတာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကိုယ်စားလှယ်ကြီးမေးမြန်းသည့် မိုင်းယောင်း၊ မိုင်းဖြတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်းနှင့် မိုင်းခတ်မြို့များအား လေးနာရီအထိ တိုးမြှင့်ဓာတ်အားပေးနိုင်ရေးအတွက် နှစ်စဉ်ဘဏ္ဍာငွေတိုးမြှင့်တင်ပြတောင်းခံသွားမှာဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဖြစ်နိုင်မှုရှိပါက စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ ထို့အပြင် သက်ဆိုင်ရာဒေသများအနေနဲ့ လျှပ်စစ်မီးရရှိချိန် ပိုမိုရရှိလိုပါက မိမိတို့ဌာနကတပ်ဆင်ပေးထားတဲ့ ဌာနပိုင်မီးစက်များကို အသုံးပြုပြီး သက်ဆိုင်ရာဒေသအာဏာပိုင်များရယ်၊ ကျေးရွာများရဲ့ရန်ပုံငွေကို အသုံးပြုပြီး ဆီဝယ်ယူအသုံးပြုကာ စက်မောင်းချိန်နာရီကို တိုးမြှင့်ပြီးတော့ လျှပ်စစ်ဓာတ်အားသုံးစွဲမယ်ဆိုရင်လည်း ကျွန်တော်တို့ဝန်ကြီးဌာနဘက်က အဆိုပါစက်များကိုမောင်းပြီး ဓာတ်အားပေးသွားမှာ ဖြစ်ပါတယ်။ ထိုနည်းလမ်းများဖြင့်လည်း ဆောင်ရွက်တဲ့အစီအစဉ်များလည်းရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပျော်ဘွယ်မြို့နယ်အရှေ့၊ ရွှေညောင်ဖူးကျေးရွာအနီးအထိ ဓာတ်အားခွဲစက်ရုံတည်ဆောက်မှုကို ဖြည့်စွက်ရန်ပုံငွေမှ ကူညီပေးနိုင်ပါရန်၊ ပျော်ဘွယ်မြို့အနောက်ခြမ်း ကျေးရွာများ၏ မီးလင်းရေးကြိုးစားနေမှုကို ပံ့ပိုးကူညီနိုင်ရေးအတွက် တောင်ညောင်ကုန်းကျေးရွာအထိ ဓာတ်အားခွဲရုံများကို ကူညီတည်ဆောက်ပေးနိုင်ပါရန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပျော်ဘွယ်မြို့နယ်အတွက် သစ်သားဓာတ်မီးတိုင် ၈၄ တိုင် လဲလှယ်ရန်မှအပ ရန်ပုံငွေခွဲဝေချထားမှုမရှိပါသဖြင့် ယခုတင်ပြချက်ကို အလေးထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်သို့ ကြွရောက်လာကြသောပုဂ္ဂိုလ်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ပျော်ဘွယ်မြို့နယ်အတွင်းမှာ ကျေးလက်မီးလင်းရေးအတွက် ကိုယ့်အားကိုယ်ကိုးပြီးတော့ ကြိုးစားဆောင်ရွက်လျက်ရှိကြတဲ့ ကျေးရွာလူထုရဲ့လိုအင်ဆန္ဒ ပြည့်ဝစေရေးအတွက် မေးမြန်းသွားမှာပဲဖြစ်ပါတယ်။ ဒီမေးခွန်းဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော်အတွင်းမှာ ကတိကဝတ်အဖြစ်ကျန်ရှိခဲ့ပြီးတော့ ပယ်ဖျက်ခဲ့တဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်အတွင်းမှာ ကျေးရွာအုပ်စုပေါင်း ၇၅ အုပ်စုရှိပြီးတော့ ကျေးရွာပေါင်း ၃၁၈ ရွာရှိပါတယ်။ လျှပ်စစ်မီးလင်းပြီးတဲ့ရွာက ၅၂ ရွာရှိပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့အစီအစဉ်နဲ့ ဆိုလာနဲ့မီးလင်းနေတာကတော့ ကျေးရွာပေါင်း ၄၄ ရွာရှိပါတယ်။ မီးလင်းဖို့ကျန်ရှိတာကတော့ စုစုပေါင်း ၂၂၂ ရွာရှိကြောင်း တင်ပြအပ်ပါတယ်။ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ပြည်သူတွေအနေနဲ့ လျှပ်စစ်မီးရရှိဖို့ကို လွန်စွာပဲ ဆန္ဒပြင်းပြလျက်ရှိပါတယ်။ ဒါကြောင့်လည်းပဲ ကျေးရွာလူထုရဲ့ထည့်ဝင်ငွေ၊ သမချေးငွေ နောက် ပုဂ္ဂလိကအလှူရှင်တွေရဲ့ငွေ နောက် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ဒီဟာတွေကနေ ခွဲဝေရရှိတဲ့ငွေတွေနဲ့ စုစည်းပြီးတော့ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်လျက်ရှိပါတယ်။ တင်ပြပါပုံကတော့ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ လျှပ်စစ်မီးရရှိပြီးသားရွာများနှင့် မရရှိသေးတဲ့ရွာများရဲ့အခြေအနေပြ မြေပုံဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နေတဲ့ ကျေးရွာပေါင်းများစွာရှိတဲ့အနက်ထဲမှာ ပျော်ဘွယ်မြို့ရဲ့အရှေ့ဘက် ၁၂ မိုင်အကွာမှာရှိတဲ့ ကျေးရွာပေါင်း ၁၈ ရွာ မီးလင်းရေးဆောင်ရွက်လျက်ရှိတဲ့ ရွှေညောင်ဖူး၊ ကျောက်ချပ်

တင်ပြပါ သူဌေးကုန်းမှ တင်ပြပါနေရာအထိ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်းသွယ်တန်းမှုလုပ်ငန်းမှာ ကျေးရွာလူထုထည့်ဝင်ငွေ ကျပ်သိန်း ၅၀၀ နှင့် သမဝါယမချေးငွေ ကျပ်သိန်း ၁၉၅၀၊ ပြည်ထောင်စု လွှတ်တော်ရန်ပုံငွေကနေ ကျပ်သိန်း ၉၀ ပံ့ပိုးကူညီပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလုပ်ငန်းဟာ ယခုဆိုရင် ၈၅ ရာခိုင်နှုန်းလောက် ပြီးစီးနေပြီဖြစ်ပါတယ်။ သို့ပါသော်လည်းပဲ ငွေကြေးလုံလောက်မှု မရှိတဲ့အတွက် အောင်မြင်လုနီးပါးဖြစ်နေချိန်မှာ လုပ်ငန်းရပ်တန့်လျက်ရှိပါတယ်။ အဆိုပါ ၃၃ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းပေးမယ်ဆိုရင် ဒီလမ်းကြောင်းဝဲ/ယာမှာရှိတဲ့ နောက်ထပ် ရမည်းသင်း မြို့နယ်က လေးရွာနှင့် ပျော်ဘွယ်မြို့နယ်ကခြောက်ရွာ ပေါင်း ၁၀ ရွာလည်း ဆက်လက် လျှပ်စစ်မီး သွယ်တန်းရယူနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ပျော်ဘွယ်မြို့နယ်ရဲ့အနောက်ဘက် ကျေးရွာများမှာလည်း အလားတူငွေကြေး စုဆောင်းပြီးတော့ ကျေးလက်မီးလင်းရေးဆောင်ရွက်လျက် ရှိပါတယ်။ ပျော်ဘွယ်-နတ်မောက်လမ်း တစ်လျှောက်မှာ ၇ မိုင်ခွဲလောက်အထိမှာရှိတဲ့ ရနောင်မြို့အထိပဲ လျှပ်စစ်မီးရောက်ရှိတာဖြစ်ပါတယ်။ တင်ပြပါ ရနောင်မြို့ကနေ တင်ပြပါနယ်စပ်အထိ နောက်ထပ် ၁၆ မိုင်ကျော်ကျော်လောက် တစ်လျှောက်မှာရှိတဲ့ ကျေးရွာများကတော့ ၃၃/၁၁ ကေဗွီ လျှပ်စစ်မီးလိုင်း မရောက်သေးတဲ့အတွက် လျှပ်စစ်မီးလင်းရေး ကိုယ့်အားကိုယ်ကိုးမဆောင်ရွက်နိုင်သေးကြောင်း တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပျော်ဘွယ်မြို့နယ်အတွင်းမှာရှိတဲ့ ကိုယ့်အားကိုယ်ကိုးပြီးတော့ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်နေကြတဲ့ ကျေးရွာလူထုရဲ့ပြင်းပြတဲ့ဆန္ဒကို၊ လိုလားတောင့်တမှုကို ကူညီဖြည့်ဆည်းပေး လိုတဲ့ဆန္ဒနဲ့ နံပါတ်(၁)အချက်ကတော့ ပျော်ဘွယ်မြို့နယ်ရဲ့အရှေ့ဘက် ရွှေညောင်ဖူးကျေးရွာအနီး အထိ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်း ၁၂ မိုင်နှင့် ဓာတ်အားခွဲရုံတည်ဆောက်မှုကို နိုင်ငံတော်က အတိုင်းအတာတစ်ခုအထိ ဖြည့်စွက်ကူညီဆောင်ရွက်ပေးဖို့၊ ဒုတိယအချက်ကတော့ ပျော်ဘွယ်မြို့နယ် အနောက်ဘက်ခြမ်း ပျော်ဘွယ်-နတ်မောက်လမ်းဘေးဝဲ/ယာမှာရှိတဲ့ ကျေးရွာတွေ မီးလင်းရေးကြိုးစား နေမှုကို ပံ့ပိုးကူညီနိုင်ဖို့အတွက် တောင်ညောင်ကုန်းကျေးရွာအထိ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင်ကျော်ဆွဲပေးဖို့နှင့် ဓာတ်အားခွဲရုံတွေ တည်ဆောက်ပေးနိုင်ဖို့၊ နောက်ဆုံးတစ်ချက်ကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မန္တလေးတိုင်းဒေသကြီးရဲ့ဘတ်ဂျက်ခွဲဝေမှုမှာ အခြားမြို့နယ်တွေအတွက် ဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေအတွက် ရန်ပုံငွေခွဲဝေမှု ပါရှိခဲ့ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ပျော်ဘွယ်မြို့နယ်အတွက် သစ်သားဓာတ်မီးတိုင် ၈၄ တိုင် လဲလှယ်ရန်ငွေမှအပ ရန်ပုံငွေခွဲဝေချထားမှု ပါရှိခြင်းမရှိပါဘူး။ ဒါကြောင့်မို့လို့ ဒီတင်ပြချက်တွေကို အလေးထားဆောင်ရွက်

**မူကြမ်း**

ပေးနိုင်ဖို့လို့ တင်ပြပါတယ်။ ဒါကြောင့်မို့လို့ ယခု ကျွန်တော်ရဲ့ တင်ပြချက်များအပေါ်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်တဲ့အခြေအနေရှိ/မရှိကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ရိုသေလေးစားစွာမေးမြန်းလျက် နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးမေးမြန်းသည့် ပျော်ဘွယ်မြို့နယ်အရှေ့၊ ရွှေညောင်ဖူးကျေးရွာအနီးအထိ ၃၃/၁၁ ကေဗွီလိုင်း ၁၂ မိုင်နှင့် ဓာတ်အားခွဲရုံ တည်ဆောက်မှုကို နိုင်ငံတော်မှ အတိုင်းအတာတစ်ခုအထိ ကူညီပေးနိုင်ပါရန်နှင့် ပျော်ဘွယ်မြို့ အနောက်ခြမ်း ပျော်ဘွယ်၊ နတ်မောက် လမ်းဘေးဝဲ/ယာကျေးရွာများ၏ မီးလင်းရေးကြိုးစားနေမှုကို ပံ့ပိုးကူညီနိုင်ရေးအတွက် တောင်ညောင်ကုန်းကျေးရွာအထိ ၃၃/၁၁ ကေဗွီ ဓာတ်အားလိုင်း ၁၆ မိုင်ခန့်နှင့်ဓာတ်အားခွဲရုံများကို ကူညီတည်ဆောက်ပေးနိုင်ပါရန်နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ဘတ်ဂျက်ခွဲဝေမှုတွင် အခြားမြို့နယ်များအတွက် ဓာတ်အားလိုင်းများ၊ ခွဲရုံများ တည်ဆောက်ရန် ရန်ပုံငွေခွဲဝေခွင့်ပြုခဲ့သော်လည်း ပျော်ဘွယ်မြို့နယ်အတွက် သစ်သားဓာတ်မီးတိုင် ၈၄ တိုင် လဲလှယ်ရန်မှအပ ရန်ပုံငွေခွဲဝေချထားမှုမရှိပါသဖြင့် ယခုတင်ပြချက်ကို အလေးထား ဆောင်ရွက်ပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ ပထမမေးခွန်းဖြစ်သော ရွှေညောင်ဖူးကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၇-၈-၂၀၁၅ ရက်နေ့တွင် ရွှေညောင်ဖူးကျေးရွာအပါအဝင် ကျေးရွာ ၁၈ ရွာအား ကြိုတင်တည်ဆောက်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ACSR 120 $mm^2$ ကြိုးများ၊ 33 KV Pin Insulator များ၊ 33 KV Disc Insulator များနှင့် သံလက်တန်းများ စသည့်ပစ္စည်းများကို ကူညီ

ပံ့ပိုးပေးခဲ့တာဖြစ်ပါတယ်။ အဆိုပါ ၁ မိုင်နှင့် ကျန်ရှိနေသော ၁၁ မိုင်လုပ်ငန်းများအား ကျေးရွာမီးလင်းရေးအစီအစဉ်ဖြင့်ဆောင်ရွက်ရန် ယခင်က ညှိနှိုင်းခဲ့ကြတာဖြစ်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားသော ဒုတိယမေးခွန်းဖြစ်သည့် တောင်ညောင်ကုန်းကျေးရွာအထိ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်း ၁၆ မိုင် နှင့် ဓာတ်အားခွဲရုံများ ကူညီတည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်၍ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနေဖြင့် နှစ်စဉ် ဘဏ္ဍာငွေဘတ်ဂျက် ခွဲဝေရရှိမှုအပေါ် မှာမူတည်ကာ ဘတ်ဂျက်ငွေလုံလောက်မှုရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးနှင့်ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးလိုတာဖြစ်ပါတယ်။ ထိုကဲ့သို့တစ်နိုင်ငံလုံးမှာရှိတဲ့ ကျေးရွာများနှင့်မြို့နယ်များရဲ့ လျှပ်စစ်ဓာတ်အားပြည့်ပြည့်ဝဝနှင့် မြန်မြန်ဆန်ဆန်ရရှိရေး တည်ဆောက်ဖို့ရာ လိုအပ်သော ပင်မဓာတ်အားခွဲရုံကြီးများ၊ မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ထရန်စဖော်မာအငယ်များတပ်ဆင်ရန်အတွက် လိုအပ်သောဘဏ္ဍာငွေကြေးဟာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအတွက် အထူးမြောက်မြားစွာလိုအပ်တာဖြစ်ပါတယ်။ ထိုကဲ့သို့လိုအပ်တဲ့ ဘဏ္ဍာငွေရရှိရန်အတွက်လည်း ကျွန်တော်တို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နှစ်စဉ် ဘဏ္ဍာငွေရရှိရန်အတွက် တင်ပြတောင်းခံသွားတာဖြစ်ပါတယ်။ သို့ရာတွင် မိမိနိုင်ငံရဲ့အခြေအနေအရ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မှာမူတည်ပြီး သက်ဆိုင်ရာကျေးရွာနှင့်မြို့နယ်များ လျှပ်စစ်မီးတိုးချဲ့ရရှိရေးအတွက် တတ်စွမ်းသရွေ့တိုးချဲ့ဖြည့်ဆည်း ဆောင်ရွက်ပေးနေတာဖြစ်ပါကြောင်းလည်း ဖြည့်စွက်ရှင်းလင်းတင်ပြအပ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး တောင်းဆိုမေးမြန်းနေကြသော ကျေးရွာများနှင့်မြို့နယ်များအား မီးရရှိရန်အတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ဘဏ္ဍာငွေမြောက်မြားစွာလိုအပ်နေတဲ့အချက်ကို ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ပြည်သူများအားလုံး သိရှိနိုင်ရန်အတွက် ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ အခုလို ရှင်းလင်းဖြေကြားပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော် ခုနက Power Point မရှင်းပြခင်မှာ တင်ပြခဲ့သလို ဒီလုပ်ငန်းနှစ်ရပ်ဟာ ယခင် ပထမအကြိမ် ပြည်သူ့လွှတ်တော်သက်တမ်း ၉-၂-၂၀၁၅

ရက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတင်ပြခဲ့တဲ့ လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီးတော့ လွှတ်တော် အားလုံးပိတ်သိမ်းသွားပြီးတဲ့အချိန်မှာ ဒီကတိကဝတ်ပယ်ဖျက်ပေးဖို့ တင်ပြချက်ထဲမှာလည်းပဲ ဝန်ကြီးဌာနအနေနဲ့ ဒီလုပ်ငန်းကို နောင်လာမယ့်ဘဏ္ဍာရေးနှစ်များမှာ ဆက်လက်လျာထားပေးသွားမယ်လို့ ဖော်ပြထားပါတယ်။ ကျွန်တော့်ရဲ့တင်ပြချက်မှာလည်းပဲ လျာထား ပေးမယ်ဆိုပေမယ့် ၂၀၁၆-၂၀၁၇ မှာ ပါမလာဘူး။ ဒါကြောင့်မို့လို့ ဒါလေးကို ကျွန်တော်တို့က ဒီ ၂၀၁၇-၂၀၁၈ မှာများ ပါလာမလား။ ဒါကို ကျွန်တော် တိတိကျကျသိချင်ပါတယ်။ ဒီလိုပဲ ကျွန်တော်တို့ ဖြေသွားရင်းနဲ့ နောင်လာမယ့်ဘဏ္ဍာရေးနှစ်များဆိုတာ ကျွန်တော်တို့ လွှတ်တော်သက်တမ်းများ ကုန်ဆုံးသွားမလားလို့ သံသယဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါလေးကို တိတိကျကျ ဝန်ကြီးအနေနဲ့ ဖြေကြားပေးပါလို့ ကျွန်တော် ထပ်ဆင့်မေးမြန်းတင်ပြရင်း နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းကို ရှင်းလင်းတင်ပြရမယ်ဆိုပါလျှင် ကျွန်တော်တို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံးမှာရှိတဲ့ပြည်သူများ လျှပ်စစ်မီးရရှိရန်အတွက် အစွမ်းကုန် ဖြည့်ဆည်းပေးလိုပါကြောင်းဆိုတာကိုလည်း ကနဦးရှင်းလင်းဖြေကြားခဲ့ပါတယ်။ သို့ပါ၍ လက်ရှိ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မယ့် ဓာတ်အားလိုင်းများရဲ့တည်ဆောက်စရိတ်ကို ၂၀၁၇-၂၀၁၈ BE ဘတ်ဂျက်မှာ လျာထားတင်ပြတောင်းခံမှာဖြစ်ပါတယ်ဆိုတာလည်း ထပ်မံရှင်းလင်းတင်ပြလို ပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထပ်မံလျာထားတင်ပြတောင်းခံမှု ရှိပင်ရှိသော်ငြားလည်း အမှန်တကယ်ဘတ်ဂျက်ခွင့်ပြုငွေ ရရှိမှုအနေအထားအရ ဒေသများအားလုံးကို မျှတအောင် ဆောင်ရွက်ပေးရမှာဖြစ်တဲ့အတွက်ကြောင့် မိမိတို့ရဲ့ဖြေကြားချက်အပေါ်မှာလည်း ဘဏ္ဍာငွေ ခွင့်ပြု ရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဖြေကြားရခြင်းဖြစ်ကြောင်း ထပ်မံ ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် JICA မှ ပံ့ပိုးချေးငွေဖြင့် ဒုတိယ စီမံချက်ဖြစ်သော 33 KV လျှပ်စစ်ဓာတ်အားခွဲရုံကိုတည်ဆောက်၍ နောက်ထပ်ရွာပေါင်း ၇၀ ကျော် လျှပ်စစ်မီးလင်းရေးကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်တို့ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့်ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်ခင်ဗျား။ အားလုံးကျန်းမာချမ်းသာပါစေ။ ကျွန်တော်ကတော့ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာအားလုံးနီးပါး မီးလင်းဖို့စီမံချက်ရှိတယ်ဆိုတာ သိရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ လျှပ်စစ်နှင့် ခေတ်သစ်နိုင်ငံထူထောင်နိုင်မယ်ဆိုရင်တော့ သဘာဝပတ်ဝန်းကျင်ကိုလည်း ကောင်းကောင်းထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ကျေးရွာများမှာ အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းတွေလည်း ထွန်းကားလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ကျေးရွာပေါင်း ၁၉၇ ရွာရှိတဲ့အနက် ကျေးရွာ ၃၀ ကျော်မီးလင်းအိမ်မှာ နေပါတယ်။ ဒါပထမ LED စီမံချက်မှာဖြစ်ပါတယ်။ နောက်ထပ်ကျေးရွာတွေကိုလည်း မီးလင်းနိုင်ဖို့ စီမံနေတာတွေရှိပါတယ်။ ဒုတိယစီမံချက်အရ နိုင်ငံတကာချေးငွေအကူအညီနဲ့ နောက်ထပ်ရွာပေါင်း ၇၀ ကျော် လျှပ်စစ်မီးသွယ်တန်းခွင့်ရမှာဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လျှပ်စစ်မီးသွယ်တန်းချိတ်ဆက်တဲ့အလုပ်ဟာ ယခုကျွန်တော်တို့မြို့နယ်မှာ သိသိသာသာနှေးကွေးနေပါတယ်။ ကျေးရွာပြည်သူလူထုက သို့လောသို့လောနဲ့ မတင်မကျစိတ်ဖြစ်နေရပါတယ်။ ဒါကတော့ ဘာလဲဆိုတော့ လျှပ်စစ်မီးသွယ်တန်းချိတ်ဆက်ခွင့်လိုင်းကြေးဖြစ်ပါတယ်။ တစ်ရွာတစ်ရွာကို သိန်း ၁၀၀၊ ၁၅၀ ပေးပြီးတော့ ဆွဲခဲ့ကြရပါတယ်။ ကျေးရွာတိုင်းလိုလို စာရင်းမရှင်းနိုင်တဲ့ လျှပ်စစ်မီးလင်းရေးကော်မတီနဲ့ ကျေးရွာသူကျေးရွာသားတွေအကြားမှာ မကျေမနပ်တွေလည်း ရှိနေပါတယ်။ ဒီအခြေအနေမှာ ပြောင်းလဲချိန်တန်ပြီဆိုတဲ့ကြွေးကြော်သံနဲ့ ကျွန်တော်တို့အစိုးရတက်လာတာဖြစ်ပါတယ်။ အများကျေးရွာ ၂၄ နာရီလျှပ်စစ်မီးလင်းပွဲမှာ တိုင်းဒေသကြီးလျှပ်စစ်ဝန်ကြီးနှင့် တိုင်းဒေသကြီးလျှပ်စစ်ဌာနတို့နဲ့ ကျွန်တော်တို့ သွားရောက်ခဲ့ကြပါတယ်။ အဲဒီမှာ လျှပ်စစ်မီးလိုင်းနဲ့ နှစ်မိုင်အတွင်းမှာရှိတဲ့ရွာတွေအားလုံး လျှပ်စစ်သွယ်တန်းခွင့်ရမယ်။ ကျေးရွာတွင်းမီးလိုင်းတွေအတွက် ကျေးရွာက တာဝန်ယူရမယ်။ မိမိအိမ်အတွက် ကုန်ကျစရိတ်ကို မိမိကျခံရမယ်။ နိုင်ငံတော်အစိုးရက လိုအပ်တဲ့ ထရန်စဖော်မာတစ်လုံးနဲ့ ၁၁ ကေဗွီကြိုးလိုင်းကို ရွာအရောက်ပေးမယ်လို့ ပြည်သူလူထုကို အသိပေးကြေညာခဲ့ပါတယ်။ လက်ခုပ်သံတွေတဖြောင်းဖြောင်းနဲ့ နှစ်ထောင်းအားရလည်းရှိလှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်အတွေ့အကြုံရှင်းလင်းဖို့ ပြည်သူတွေကြားကို ကျွန်တော်တို့ ကွင်းဆင်းတဲ့အခါမှာ ပြည်သူတွေက လျှပ်စစ်မီးနှင့်ပတ်သက်လို့ ခင်ဗျားတို့တိုက်တွန်းတဲ့ အတိုင်း ကျူပ်တို့ရွာတွေကတော့ ရွာတွင်းမီးလိုင်းတွေလုပ်ပြီးနေပြီ။ အိမ်တွေကို သွယ်တန်းဖို့ ရန်ပုံငွေ တွေလည်း ကောက်ခံပြီးပါပြီ။ စသဖြင့် ဝဲကြီး၊ အင်ပျင်းလေး၊ ကျခတ်၊ ကြည်နဲ့ ဆပ်ပြာကျေးရွာတွေက ဒီလို တင်ပြကြပါတယ်။ တချို့ရွာတွေကျတော့လည်း ကျွန်တော်တို့ရွာက အိမ်ခြေ ၅၀ ကျော်လောက် မီးလင်းနေပါပြီ။ ကျန်တဲ့အိမ်တွေကလည်း မီးလင်းချင်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီက ၇ သိန်းအောက်မလျှော့နိုင်ဘူးလို့ ဈေးဆိုနေပါတယ်။ ကျွန်တော်တို့ဟာ အစကတည်းက ဆင်းရဲလို့ မယူနိုင်လို့ ဒါကို မယူပေးနိုင်ခဲ့ပါဘူး။ ဒီတိုင်းဆိုရင် ကြေးလျှော့နိုင်ရက်သားနဲ့ ဘာ့ကြောင့်ကြေး မလျှော့တာ လဲဆိုတဲ့မေးခွန်းတွေလည်း မေးခံရပါတယ်။ အချို့ရွာတွေကျတော့လည်း ကျူပ်တို့ လေး၊ ငါးသိန်းထည့်ခဲ့တာ သုံး၊ လေးနှစ်ရှိပြီ။ အခုထိ မီးမလင်းနိုင်သေးဘူးလားဆိုတဲ့မေးခွန်းတွေကိုလည်း မေးကြပါတယ်။ မီးလင်းပြီးသားရွာတချို့ကတော့လည်း မီးဖြတ်ထားတာရှိတယ်။ ငွေထပ်တောင်းနေပါ တယ်။ မီးလိုင်းအသစ်ဆွဲမယ့်ရွာတွေကျတော့လည်း မီးလိုင်းကြေးခမပေးလျှင် ဖြတ်သန်းခွင့်မပေးနိုင် ဘူး စသဖြင့် ရှုပ်ထွေးနေပါတယ်။ ဒီလို စာရင်းရှုပ်တဲ့ရွာတွေကနေပြီးတော့ တိုင်တဲ့အတွက် တိုင်းဒေသ ကြီး အစိုးရကစစ်ဆေးရေးအဖွဲ့တွေကို ဖွဲ့ပြီးစစ်ဆေးပါတယ်။ တွေ့ရှိချက် ကိုးချက်ကိုလည်း ပြောပါ တယ်။ လျှပ်စစ်ဦးစီးဌာနက လျှပ်စစ်မီးတည်ဆောက်ရေးကုမ္ပဏီက ဥပဒေနှင့်ညီ/မညီ၊ စည်းကမ်းချက် တွေကို လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ စသည်တို့ကို ရှင်းရှင်းလင်းလင်း ပြည်သူတွေကိုချမပြပါဘူး။ ကျေးရွာတွေသွားတိုင်း မြို့နယ်လျှပ်စစ်ကိုခေါ်တဲ့အခါမှာလည်း ခပ်ရှောင်ရှောင်နေကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တာဝန်ရှိသူတွေအားလုံးနဲ့ သွယ်တန်းခဲ့တဲ့ကုမ္ပဏီ၊ ကျေးရွာမီးလင်းရေး ကော်မတီနှင့် ပြည်သူတွေကြားမှာ စေ့စပ်ညှိနှိုင်းပြီး လုပ်ငန်းပြီးမြောက်ဖို့ တိုင်းအစိုးရအနေနဲ့ တွန်းအား ပေးသင့်ပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီတွေကို အများကတင်တဲ့နည်းနဲ့ ပြင်ဆင် ဖွဲ့စည်းသင့်တယ်လို့လည်း အကြံပြုလိုပါတယ်။ ပထမစီမံချက်မှာ ပြဿနာများကို သင်ခန်းစာယူပြီး ဒုတိယစီမံချက်အရ လျှပ်စစ်မီးလင်းရေးဆောင်ရွက်တဲ့အခါ ခွင့်ပြုမိန့်ရရှိသူများသည် ဥပဒေက ထုတ်ပြန်ထားတဲ့ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် လျှပ်စစ်ဆိုင်ရာပစ္စည်းကိရိယာများ၏ အရည်အသွေးနှင့် စံချိန်စံညွှန်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာစေရန်၊ အစိုးရအနေဖြင့် ထိရောက်စွာ ကွပ်ကဲကြီးကြပ်ပေးစေလိုပါတယ်လို့ တင်ပြရင်း ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နိုင်ငံတကာပံ့ပိုးမှုချေးငွေဖြင့် ဒုတိယစီမံချက်ဖြစ်သော 33

KV လျှပ်စစ်ဓာတ်အားခွဲရုံတည်ဆောက်ပြီး ရွာပေါင်း ၇၀ ကျော် လျှပ်စစ်မီးလင်းရေးကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်လဲဆိုတာကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်အောင် မေးမြန်းသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လျှပ်စစ်မီးသွယ်တန်းခြင်းနှင့်ပတ်သက်၍ JICA မှပံ့ပိုးချေးငွေဖြင့် ဒုတိယစီမံချက်ဖြစ်သော 33 KV လျှပ်စစ်ဓာတ်အားခွဲရုံကိုတည်ထောင်၍ နောက်ထပ် ရွာပေါင်း ၇၀ ကျော် လျှပ်စစ်မီးလင်းရေးကို မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျေးရွာမီးလင်းရေးဆောင်ရွက်ရာတွင် ကျေးရွာများအနေဖြင့် ၎င်းတို့ကြိုက်နှစ်သက်ရာတည်ဆောက်ရေးဆောင်ရွက်သည့်အဖွဲ့များအား လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ပါတယ်။ ဝန်ကြီးဌာနအနေဖြင့် မူအရခွင့်ပြုမိန့်တင်ပြတောင်းခံခြင်း၊ ထရန်စဖော်မာ၊ မိန်းမီတာများတပ်ဆင်ပေးခြင်းနှင့် အိမ်သုံးမီတာလျှောက်ထားလာမှုများရှိပါက ခွင့်ပြုတပ်ဆင်ပေးခြင်းတို့အပြင် နည်းပညာပိုင်းတို့ကို ကြီးကြပ်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီမှ မီးလင်းရေးကိစ္စများကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဒေသအာဏာပိုင်များဖြင့် ကြီးမှူးဖွဲ့စည်းပေးထားပြီးဖြစ်ရာ အဆိုရှင်မေးမြန်းချက်ပါ လက်ရှိလျှပ်စစ်ကိစ္စများဆောင်ရွက်နေသောကုမ္ပဏီနှင့် ကျေးရွာမီးလင်းရေးကော်မတီတို့၏ ဆောင်ရွက်ချက်များအပြင် ၎င်းတို့၏အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါတယ်။

လက်ရှိကာလတွင် ကိုယ်ထူကိုယ်ထကျေးရွာမီးလင်းရေး ဆောင်ရွက်ခဲ့သောကျေးရွာများမှ ကျေးရွာပိုင်ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများပြုပြင်ထိန်းသိမ်းရန်၊ မိန်းမီတာနှင့်မီတာကွာခြားယူနစ်များကို ကောက်ခံပေးသွင်းရန်အတွက် တာဝန်ယူဆောင်ရွက်ရသည့် မီးလင်းရေးကော်မတီ

များဖွဲ့စည်းပြီး သက်ဆိုင်ရာဒေသဖွံ့ဖြိုးရေးကို ဆက်လက်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးရွာမီးလင်းရေးကော်မတီများ၏ ကုန်ကျစရိတ်များအား စိစစ်နိုင်ရန်အတွက် အဖွဲ့ဝင် ငါးဦးပါသော မြို့နယ်လျှပ်စစ်မီးလင်းရေး ကော်မတီများစစ်ဆေးရေးအဖွဲ့အား ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့တွင် မြို့နယ်အလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီများ၏ ကုန်ကျစရိတ်ရှင်းတမ်းများအား စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ကိုယ်စားလှယ်ကြီး၏မေးခွန်းတွင်ပါရှိလာခဲ့သော မြရိပ်ကုမ္ပဏီဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခြင်းကိစ္စသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ တာဝန်နှင့်ဝတ္တရားတွင် မပါရှိပါ။ အဆိုပါကုမ္ပဏီများဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခြင်းကိစ္စသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များနှင့်သာ သက်ဆိုင်မှုရှိပါတယ်။ ကျေးရွာမီးလင်းရေးကော်မတီများဖျက်သိမ်းခြင်း၊ အသစ်ပြန်လည်ဖွဲ့စည်းခြင်းတို့တွင်လည်း ကျေးရွာနေပြည်သူများအားလုံး၏ လိုလားချက်အရ အများဆန္ဒဖြင့်သာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်သည့်ကျေးရွာတွင်မဆို ကျေးရွာမီးလင်းရေးကိစ္စလျှောက်ထားလာပါကနည်းပညာပိုင်းဆိုင်ရာ စိစစ်မှုများပြုလုပ်ပေးခြင်း၊ တည်ဆောက်ခွင့် ခွင့်ပြုပေးခြင်းတို့ ဆောင်ရွက်ပေးပါတယ်။ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့် ဓာတ်အားလိုင်းများနှင့်ထရန်စဖော်မာများအား စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်မှ လျှပ်စစ်စစ်ဆေးရေးဌာနက နည်းပညာပိုင်းအရ အန္တရာယ်ကင်းရှင်းမှုရှိ/မရှိစစ်ဆေးမှုပြုလုပ်ပြီး ထောက်ခံစာထုတ်ပေးရတာဖြစ်ပါတယ်။ အဆိုပါ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်းထောက်ခံစာအား စက်မှုဝန်ကြီးဌာနကထုတ်ပေးပြီးနောက် ကျေးရွာမီးလင်းရေးကော်မတီက တင်ပြနိုင်ပါက မိမိတို့ဝန်ကြီးဌာနက လျှပ်စစ်ဓာတ်အားလွှတ်ပေးရတာ ဖြစ်ပါတယ်။

ဤဝန်ကြီးဌာနအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP Plan)ကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကိုယ်စားလှယ်ကြီးတင်ပြသကဲ့သို့ ၁၁ ကေဗွီဓာတ်အားလိုင်းမှ နှစ်မိုင်ပတ်လည်အတွင်းကျေးရွာများအား ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ပထမအဆင့်ဖြင့်လည်းကောင်း၊ ၂ မိုင်မှ ၅ မိုင်အတွင်းရှိကျေးရွာများအား ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဒုတိယအဆင့်ဖြင့်လည်းကောင်း၊ ၅ မိုင်မှ ၁၀ မိုင်အတွင်းရှိကျေးရွာများအား တတိယအဆင့်နှင့် ၁၀ မိုင်အထက် ကျေးရွာများအား စတုတ္ထ

**မူကြမ်း**

အဆင့်ဖြင့် အဆင့်အလိုက်ဆောင်ရွက်ပေးသွားမည်ဆိုသည်မှာ မှန်ကန်ပါတယ်။ အဆိုပါစီမံကိန်းအရ ၁၁ ကေဗွီလိုင်းများနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများအထိ တပ်ဆင်ပေးရန်ပါရှိတာ ဖြစ်ပါတယ်။ ထိုထရန်စဖော်မာမှထွက်ရှိသော ၄၀၀ ဗို့ဓာတ်အားလိုင်းများကို ကျေးရွာများက ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ သို့မဟုတ်ပါက သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရရဲ့ဘတ်ဂျက်ဖြင့် ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဆိုပါ စီမံကိန်းလုပ်ငန်းများ အတွက် လိုအပ်သောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံပစ္စည်းများဝယ်ယူရေးအား ယခုဘဏ္ဍာရေးနှစ် အတွင်း နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ချေးငွေကို မိမိနိုင်ငံ အတွက်ရရှိသည်၊ ပေးသုံးသည်ဆိုသည်မှာ ကမ္ဘာ့ဘဏ်၏လုပ်ထုံးလုပ်နည်းများကို လိုက်နာ ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့် အဆိုပါလုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ရတဲ့အချိန် ကာလကို ကျွန်တော်တို့ကျော်ဖြတ်ခဲ့ရတာ ဖြစ်ပါတယ်။ သို့ပါ၍ ထရန်စဖော်မာများဝယ်ယူမှုကို ယခုလ ၁၄ ရက်နေ့မှာ နိုင်ငံပိုင်သတင်းစာများမှာထည့်သွင်းပြီး ကြော်ငြာကာ တင်ဒါခေါ်ယူ ထားပြီးဖြစ်ပါ ကြောင်းလည်း တင်ပြရှင်းလင်းလိုပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှစပြီးတော့ အဆိုပါပစ္စည်း များရောက်ရှိလာမည်ဆိုပါက NEP ပထမအဆင့် တည်ဆောက်ရေးလုပ်ငန်းပါ ကျေးရွာများအချို့ကို လုပ်ငန်းများစတင်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါကြောင်းလည်း ရှင်းလင်းတင်ပြလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ဒီပဲယင်းမြို့နယ်အတွင်း လက်ရှိဓာတ်အားလိုင်းနှင့် နှစ်မိုင်အတွင်း ကျေးရွာ ၇၁ ရွာရှိသည့်အနက် ဓာတ်အားလိုင်းနှင့် နီးကပ်စွာတည်ရှိတဲ့ ကြခတ် ကျေးရွာနှင့် ကြည်ကျေးရွာအပါအဝင်ကျေးရွာ ၂၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း၊ ကျန် ၅၁ ရွာကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ၁၁ ကေဗွီ ဓာတ်အား လိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူရရှိသည့် ပစ္စည်းများဖြင့်လည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားလိုပါတယ်။

ထပ်မံ၍ ဒီပဲယင်းမြို့နယ်အတွင်းရှိ ကျေးရွာများတိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်နှင့် ဓာတ်အားစနစ်တိုးတက်ကောင်းမွန်ရေးအတွက် JICA ချေးငွေ Regional Development Project for Poverty Reduction (Phase-2) စီမံချက်ဖြင့် ဒီပဲယင်းမြို့နယ်၊ တောတန်းကျေးရွာအနီး၌ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံနှင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၂၃ မိုင် တည်ဆောက်ရန် အတွက်လျာထားဆောင်ရွက်ပြီး ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်ခန့်တွင် အဆိုပါချေးငွေ

သဘောတူညီချက်စာချုပ်အား လက်မှတ်ရေးထိုးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းမြင့်အောင်(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ အခုလိုဖြေကြားပေးတဲ့ဝန်ကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့မြို့နယ်ကို အခုလိုပဲ ဂရုတစိုက်ဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက်လည်း အထူးပဲထပ်ပြီးတော့ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ကျွန်တော် အခုထပ်မေးချင်တဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းကတော့ မီးလိုင်းနဲ့ဝေးတဲ့ကျေးရွာတွေအတွက် ဆိုလာမီးရမယ်လို့ သိရပါတယ်။ ဒါပေမဲ့လို့ အခုထိထိရောက်ရောက်ဆောင်ရွက်တာမရှိဘူး ဖြစ်နေပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့လည်း ထပ်မံပြီးတော့ ရှင်းပြပေးစေလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**။ ။ ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းပါ။ ဆိုလာဖြင့် မီးပေးရန်ကိစ္စကတော့ မူလမေးခွန်းမှာ ပါရှိခြင်းတော့မရှိပါခင်ဗျား။ သို့ရာတွင် ကျွန်တော့်အနေနဲ့ မေးခွန်းတွင်မပါသော်လည်း ဖြည့်စွက်ဖြေကြားရှင်းလင်းလိုတာကတော့ ဆိုလာဖြင့် ချိတ်ဆက်ခြင်းမရှိသောကျေးရွာများကို ဆိုလာဖြင့် ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေရတာ မဟုတ်ပါကြောင်းတော့ ပထမကနဦးရှင်းလင်းဖြေကြားလိုပါတယ်။ အဆိုပါကိစ္စနှင့်ပတ်သက်ပြီးတော့ ယခင်ကဆိုရင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရတဲ့လုပ်ငန်းများဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများကတော့ မိမိတို့ဝန်ကြီးဌာနနဲ့ တိုက်ရိုက်သက်ဆိုင်မှုတော့ မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်မကြာခဏပြောပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ တစ်စပ်တည်းမေးခွန်းဆိုတာ သဘောပေါက်ပါ။ မေးခွန်းအသစ်ကို မေးခွင့်မရှိဘူး။ အဲဒါက နည်းဥပဒေကိုလည်း သေသေချာချာလေ့လာထားပါ။ ဒါဟာ အမြဲခဏခဏပြောနေရပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပေးတဲ့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မူကြမ်း**

**ဗန်းမောက်မြို့နယ်တွင် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဗန်းမောက်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဗန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုတဲ့ အကြောင်းကတော့ ဗန်းမောက်မြို့နယ်မှာ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်၍ လူငယ်များကို ပြုစုပျိုးထောင်ပေးနိုင်ပါရန်အတွက် မေးခွန်းမေးမြန်းလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဗန်းမောက်မြို့နယ်မှာ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၄၇ ခု စုစုပေါင်းရပ်ကွက်ကျေးရွာအုပ်စု ၅၀ ရှိပြီးမှ ရွာပေါင်း ၂၂၂ ရွာရှိပါတယ်။ လူဦးရေ ၁၁၀၀၀၀ ကျော် ခန့် နေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးများဖြစ်သော ရှမ်းနီလူမျိုး၊ ကဒူးလူမျိုး၊ ဂဏန်းလူမျိုး တိုင်းရင်းသားအများစု နေထိုင်ကြပြီးတော့ ဗမာ၊ ကချင်၊ ချင်း လူမျိုးအနည်းစုသာ နေထိုင်ရာဒေသ ဖြစ်ပါတယ်။ မြို့နယ်အကျယ်အဝန်းဟာ ၈၄၄၆၆၈ ဧကရှိပြီးတော့မှ စိုက်ပျိုးမြေဧက ၃၆၄၂၅ ဧကသာ ရှိပါတယ်။ စိုက်ပျိုးမြေဧကနည်းပါးသည့်အတွက် မြို့နယ်အတွင်း ဆန်၊ စပါး ဖူလုံမှုအတွက်သာ ထုတ်လုပ်နိုင်ပြီးတော့မှသာ စီးပွားဖြစ်အမြောက်အမြား စိုက်ပျိုးထုတ်လုပ်နိုင်ခြင်းမရှိပါ။ ပထဝီအနေ အထားအရ တောတောင်များထူထပ်ပြီး ချောင်းကြီး၊ ချောင်းငယ်အသွယ်သွယ်၊ စမ့်စမ်းများ ပေါများရာ ဖြစ်ပါတယ်။ မူးမြစ်၊ မဲဇာမြစ်၊ ချောင်းကြီးချောင်းတို့ရဲ့ မြစ်ဖျားခံရာရေဝေရေလဲဒေသလည်း ဖြစ်ပါ တယ်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအဖက်ဖက်မှ နိမ့်ကျကျန်ခဲ့သော မြို့ငယ်ဖြစ်ပါတယ်။ ဗန်းမောက်မြို့နယ်မှာ သစ်တောကြီးများ ၇၅ ရာခိုင်နှုန်းကျော် ဖုံးလွှမ်းပါတယ်။ ကျွန်းနှင့်သစ်မာများအများအပြားထွက်ရှိသည့်အပြင် ရွှေ၊ သတ္တုများလည်း ထွက်ရှိ ပါတယ်။ နိုင်ငံတော်အတွက် သယံဇာတများ ထုတ်လုပ်ပေးရန်ဒေသတစ်ခု ဖြစ်ပါတယ်။ ယခင်က ရွှေ တူးဖော်ခြင်းလုပ်ငန်းများ များစွာလုပ်ကိုင်ခဲ့ခြင်းကြောင့် လယ်ယာမြေများဆုံးရှုံးပြီး လယ်မဲ့၊ ယာမဲ့ ဘဝ ရောက်ရှိသူအများအပြားရှိခဲ့ပြီးမှ စာဝတ်နေရေးမပြေလည်ခဲ့သည်မှာလည်း ရှိခဲ့ကြပါတယ်။ ရွှေ့ပြောင်းအလုပ်သမားများ ပေါများခြင်း၊ နေရာဒေသအသီးသီးမှဝင်ရောက်လာသူများ ပေါများခြင်း

နှင့်အတူ မူးယစ်ဆေးများပေါ်များလာတာလည်းဖြစ်ခဲ့ရပါတယ်။ မူးယစ်ဆေးဝါးပြဿနာကြောင့် ဘူးလေးရာဖရုံဆင့်ဆိုသလို စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဟာ နိမ့်သည်ထက်နိမ့်ကျခဲ့ရပါတယ်။ အိမ်ထောင်ဦးစီးဖခင်များ မူးယစ်ဆေးဝါးစွဲပြီးတော့မှ သားသမီးများဆက်လက်ပညာမသင်ကြားနိုင်သော အရေအတွက်ဟာ ပိုမိုများပြားလျက်ရှိပါတယ်။ အနာဂတ်လူငယ်များရဲ့အရေးမှာ ရင်လေးဖွယ်ရာဖြစ်ရပါတယ်။

ဗန်းမောက်မြို့နယ်မှာ စာသင်ကျောင်းပေါင်း ၁၉၅ ကျောင်းရှိပြီးမှ မူလတန်းအဆင့်သင်ကျောင်းဟာ ၁၄၈၁၁ ဦးရှိပါတယ်။ အလယ်အဆင့်သင်ဟာ ၇၃၃၇ ဦးရှိပြီးမှ အထက်အဆင့်သင်ဟာ ၁၃၈၂ ဦးရှိပါတယ်။ ပညာသင်ကြားလျက်ရှိရာ အထက်တန်းအဆင့်သင် ကျောင်းသားအရေအတွက်ဟာ အနည်းငယ်သာဆက်လက်ပညာသင်ကြားနိုင်ရတာကို တွေ့ရှိရပါတယ်။ စီးပွားရေးအခြေအနေအရ ပညာမသင်နိုင်ဘဲ ကျောင်းထွက်သွားသူအများအပြား ရှိကြောင်းကိုလည်း သိရှိရပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများကို တိုးတက်လာစေရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး ဒေသဖွံ့ဖြိုးစေရန်အတွက် အနာဂတ် တိုင်းရင်းသားလူငယ်များရဲ့ လူ့စွမ်းအားအရင်းအမြစ်များကို အခြေခံဆောင်ရွက်လျက်ရှိကြောင်း သိရှိ ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ဗန်းမောက်မြို့နယ်ဟာ (၁) တိုင်းရင်းသားလူမျိုးများနေထိုင်ရာ ဒေသဖြစ်ခြင်း၊ (၂) ဆက်သွယ်ရေးခက်ခဲပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အဖက်ဖက်မှ နိမ့်ကျလျက်ရှိခြင်း၊ (၃) သယံဇာတပေါ်များရာဒေသဖြစ်ပြီးမှ သယံဇာတကျိန်စာသင့်ခံရသောဒေသဖြစ်ခြင်း၊ (၄) ပညာရေးနက်နက်ရှိုင်းရှိုင်း နိမ့်ကျသောဒေသဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးအတွက် အနာဂတ်လူငယ်များ၏ ပညာရေးမြှင့်တင်နိုင်ရန် နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးလျက်ရှိသော တိုင်းရင်းသာလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားပေးနိုင်ပါရန် ပြည်သူလူထုကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။ (၁) ဗန်းမောက်မြို့နယ်တွင် တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေးသင်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် (၂) အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးကနေပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်မှာ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း မေးခွန်းမေးမြန်းလာခဲ့ပါတယ်။ ယခုလို နယ်စပ်ရေးရာဝန်ကြီးဌာနရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စိတ်ပါဝင်စားစွာဖြင့် မေးမြန်းသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်မှာ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ရန် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွေကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ နယ်စပ်ဒေသအသီးသီး၌ ၄၄ ကျောင်းအထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၆ ကျောင်း (ကလေး၊ ခန္တီး၊ ပင်လည်ဘူး၊ လေရှီး၊ လဟယ်၊ နန်းယွန်း)တို့မှာ ဖွင့်လှစ်ထားရှိခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဖောင်းပြင်)ကို တည်ဆောက်ဖွင့်လှစ်ရန် လျာထားပြီးလည်း ဖြစ်ပါတယ်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လည်ဘူး)၌ ဗန်းမောက်မြို့နယ်မှ တိုင်းရင်းသားလူငယ်ကျောင်းသားများအနေဖြင့် ပဉ္စမတန်းတစ်ဦး၊ ဆဋ္ဌမတန်းခြောက်ဦး၊ သတ္တမတန်းသုံးဦး၊ အဋ္ဌမတန်းခြောက်ဦး စုစုပေါင်း ၁၆ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ဗန်းမောက်မြို့နယ်ရှိ တိုင်းရင်းသားကျောင်းသားကျောင်းသူများအနေဖြင့်လည်း ပင်လည်ဘူးမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ တက်ရောက်ပညာသင်ကြားနိုင်ခြင်းကြောင့်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် စီမံကိန်းလျာထားချက်

များတွင်လည်း ထည့်သွင်းလျာထားမှုမရှိခြင်းတို့ကြောင့် ဗန်းမောက်မြို့နယ်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်ခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လဟယ်မြို့နယ် လွန်းထောင်းကျေးရွာနှင့် ကူကူးနောက်ကုန်းကြား နန်ဖုတ်ချောင်းကူးတံတားတစ်စင်း ပေ ၄၀၀ အရှည် ဘေလီတံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လဟယ်မဲဆန္ဒနယ်မှ ဦးသက်နောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသက်နောင်(လဟယ်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသက်နောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းသွားမှာကတော့ လဟယ်မြို့နယ် လွန်းထောင်းကျေးရွာနှင့် ကူကူးနောက်ကုန်းကျေးရွာကြား နန်ဖုတ်ချောင်းကူးတံတား ပေ ၄၀၀ အရှည်ဘေလီတံတားတစ်စင်း တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းအရင်းကတော့ ကျွန်တော်တို့ လဟယ်မြို့နယ် နန်ဖုတ်ချောင်းအရှေ့ခြမ်းမှာရှိတဲ့ ကူကူးနောက်ကုန်းကျေးရွာအပါအဝင် စုစုပေါင်းကျေးရွာ ၁၀ နှင့် ကျေးရွာအုပ်စု သုံးခုမှာရှိတဲ့ လူဦးရေပေါင်း ၂၄၀၀ ကျော်ဟာဆိုရင် လူမှုစီးပွားကိစ္စတွေဆောင်ရွက်ဖို့အတွက် ကူကူးနောက်ကုန်းကျေးရွာအနက် လွန်းထောင်းကျေးရွာကြားမှာရှိတဲ့ နန်ဖုတ်ချောင်းကို လှေငယ်ကလေးနဲ့ စွန့်စွန့်စားစား ဖြတ်သန်းပြီးတော့ သွားလာနေကြရပါတယ်။ ဒီ့အပြင် အစိုးရရဲ့ဖွံ့ဖြိုးရေးစီမံကိန်းတွေဖြစ်တဲ့ လမ်း၊ စာသင်ကျောင်း၊ ဆေးပေးခန်း စတဲ့ ဆောက်လုပ်ရေးလုပ်ငန်းများ လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ချောင်းကူးတံတားတစ်စင်း မရှိမဖြစ်လိုအပ်နေပါတယ်။ တံတားမရှိတဲ့အတွက်ကြောင့်လည်း အရေးကြီးလူနာတွေကို လဟယ်မြို့ပေါ်ကို အချိန်မီပို့ဆောင်ဖို့ဆိုတာ ချောင်းရဲ့အရှေ့ခြမ်းမှာ နေထိုင်ကြတဲ့ ဒေသခံပြည်သူတွေအတွက်ကတော့ မဖြစ်နိုင်တဲ့အခြေအနေဖြစ်နေပါတယ်။ ယခင်အစိုးရလက်ထက်ကစပြီး လဟယ်မှာ လွန်းထောင်းကျေးရွာ နန်ဖုတ်ချောင်းအထိ တစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်ပြီး ဖြစ်ပါတယ်။ ယခင်နှစ်များမှာလည်း ချောင်းကူး

တံတားတစ်စင်းတည်ဆောက်ပေးဖို့အတွက် ဒေသခံပြည်သူတွေက အကြိမ်ကြိမ်တင်ပြတောင်းဆိုခဲ့ပေမဲ့ တစ်စုံတစ်ရာလုပ်ဆောင်ပေးခဲ့ခြင်းမရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြင်သာထင်သာရှိစေရန်အတွက် ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီပုံကတော့ ကျွန်တော်တို့ နန်ဖုတ်ချောင်းအရှေ့ခြမ်းမှာရှိတဲ့ ကျေးရွာတွေဆီကို နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတွေ တာဝန်ထမ်းဆောင်ဖို့ရန်အတွက် စွန့်စွန့်စားစားခက်ခက်ခဲခဲနှင့် သွားလာနေကြတဲ့ ကျွန်တော်တို့ လဟယ်မြို့နယ်ရဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ဒေသခံပြည်သူတွေရဲ့ ပုံပဲဖြစ်ပါတယ်ခင်ဗျား။ မိုးတွင်းမှာဆိုရင်တော့ ဒီရေဟာ အရမ်းကိုပဲ ရေစီးကြမ်းပါတယ်။ ဆိုတော့ အင်မတန်လည်း အန္တရာယ်များတဲ့နေရာဖြစ်ပါတယ်ခင်ဗျား။ ဒီပုံကတော့ စက်လှေငယ်လေးပေါ်မှာ ဆိုင်ကယ်တင်ဖို့ရန်အတွက် ပြင်ဆင်နေကြတဲ့ပုံပဲဖြစ်ပါတယ်။ ဒီဆိုင်ကယ်တွေရပ်ထားတဲ့နေရာမှာတော့ တစ်ကြောင်းထိုးမြေသားလမ်း ဖောက်လုပ်ပြီးထားတဲ့အခြေအနေပဲဖြစ်ပါတယ်။ မေးခွန်းမေးရတဲ့ ဒီတံတားဆောက်ဖို့ကတော့ ဒီနေရာကနေ တစ်ဖက်ခြမ်းမှာရှိတဲ့နေရာအထိ တံတားဆောက်ဖို့ရန်အတွက် လျာထားခြင်းပဲဖြစ်ပါတယ်။ ဒီပုံကတော့ ခရိုင်ဒုတိယညွှန်ကြားရေးမှူးကိုယ်တိုင် တံတားတည်ဆောက်မယ့်နေရာကို ကွင်းဆင်းလေ့လာနေတဲ့ပုံပဲဖြစ်ပါတယ်ခင်ဗျား။ ဒီပုံကတော့ ကျွန်တော်တို့ တံတားတည်ဆောက်ရန် ခန့်မှန်းနေရာပြမြေပုံပဲဖြစ်ပါတယ်ခင်ဗျား။ အရှေ့ခြမ်းမှာရှိတဲ့ ဆည်ရွာမှာရှိနေကြတဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝကိစ္စတွေကို ဆောင်ရွက်ဖို့ရန်အတွက် ဒီချောင်းကို ဖြတ်သန်းသွားလာနေကြရတာပဲဖြစ်ပါတယ်။ ဒါကတော့ လွန်းထောင်းရွာကတော့ ဒီဘက်ဘယ်ဘက်ခြမ်းမှာဖြစ်ပါတယ်။ ကူကူးနောက်ကုန်းကျေးရွာကတော့ ကျွန်တော်တို့ ညာဘက်ခြမ်းမှာဖြစ်ပါတယ်။ မြစ်ရဲ့အရှေ့ခြမ်းမှာဖြစ်တယ်။ သို့ဖြစ်ပါ၍ နန်ဖုတ်အရှေ့ခြမ်းရှိ ကူကူးနောက်ကုန်းကျေးရွာအပါအဝင် စုစုပေါင်းကျေးရွာ ၁၀ နှင့် ကျေးရွာအုပ်စုသုံးခုမှ ဒေသခံပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် နှင့် ဖြတ်သန်းသွားလာရန်အတွက် အဓိကလိုအပ်နေသည့် လွန်းထောင်းကျေးရွာနှင့် ကူကူးနောက်ကုန်းကြား နန်ဖုတ်ချောင်းကူးတံတားတစ်စင်း ပေ ၄၀၀ အရှည်ဘေလီတံတားတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်မည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်းကို ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ် မြို့နယ်မှာ နန်ဖုတ်ချောင်းအရှေ့ခြမ်းရှိ ကူကူးနောက်ကုန်းကျေးရွာအပါအဝင် စုစုပေါင်းကျေးရွာ ၁ဝ ရွာနှင့် ကျေးရွာအုပ်စုသုံးအုပ်စုသို့ ဖြတ်သန်းသွားလာရန်အတွက် လွန်းထောင်းကျေးရွာနှင့် ကူကူး နောက်ကုန်းကြား နန်ဖုတ်ချောင်းကူးတံတားတစ်စင်း ပေ ၄ဝဝ အရှည် ဘေလီတံတားဆောက်လုပ်ပေး နိုင်ရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ပေးမည်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားပေးမှာ ဖြစ်ပါ တယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ နန်ဖုတ်ချောင်းကူးတံတားတစ်စင်း ပေ ၄ဝဝ အရှည် ဘေလီတံတားတည်ဆောက်ခြင်းလုပ်ငန်းမှာ ၂ဝ၁၄-၂ဝ၁၅ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဖောက်လုပ်ခဲ့သည့် လဟယ်-လုံခင်-ယွန်းတိုင်း-လွန်းထောင်း- နန်ဖုတ်ချောင်းအထိ ၂၆ မိုင် မြေသားလမ်းပေါ်မှာတည်ရှိပါတယ်။ နန်ဖုတ်ချောင်းက အကျယ်ပေ ၄ဝဝ ခန့်ရှိပြီးတော့ ရေစီးကြမ်း၍ ဒေသခံများ ခရီးသွားလာရာတွင် အခက်အခဲဖြစ်ပေါ်လျက်ရှိကြောင်း လည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါနန်ဖုတ်ချောင်းကူးဘေလီတံတား တည်ဆောက်နိုင်ရေး အတွက် တံတားကျွမ်းကျင်အင်ဂျင်နီယာများဖြင့် မြေပြင်အနေအထားအား ကွင်းဆင်းစစ်ဆေးခြင်း၊ တိုင်းတာတွက်ချက်ခြင်းများပြုလုပ်ပြီး ၂ဝ၁၇-၂ဝ၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိရေး ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား ရှင်းလင်းဖြေကြားအပ် ပါတယ်။

**မိုပိုင်းလွတ်-ဆွမ္ဗရာလမ်းမြေသားလမ်း ၆၈ မိုင်၊ ကျောက်လမ်း ၂ဝ မိုင်နှင့် ကတ္တရာလမ်း ၁ဝ မိုင်တို့အား ၂ဝ၁၃-၂ဝ၁၄ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့ရာအဘယ်ကြောင့် ယနေ့အထိ လုပ်ငန်းပြီးစီးမှု မရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ဌေး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ

အားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ မိုပိုင်းလွတ်နှင့် ဆွမ္မရာမြို့ကြား မြေသားလမ်း ၆၈ မိုင်၊ ကျောက်လမ်း ၂၀ မိုင်၊ ကတ္တရာလမ်း ၁၀ မိုင်အား ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ဖြင့်ဆောင်ရွက်ခဲ့ရာ အဘယ်ကြောင့် ယနေ့အထိ ပြီးစီးမှုမရှိသေးသည်ကို သိရှိလိုခြင်းနှင့် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုသည့် မေးခွန်းအား မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမြို့နယ်အတွင်းမှာရှိတဲ့ မိုပိုင်းလွတ်-ဆွမ္မရာလမ်းပိုင်းဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကတည်းက နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဦးစီးဌာနဘတ်ဂျက်ဖြင့် ခွင့်ပြုငွေ ၁၂၅၈ သန်း ဂရိတ်ထိန်ညိုကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း ယနေ့အထိ လုပ်ငန်းပြီးစီးမှုမရှိသေးတာတွေကိုတွေ့ရှိရပါတယ်။ တစ်ပိုင်းတစ်စဆောင်ရွက်ထားတဲ့လုပ်ငန်းပိုင်းမှာလည်း စနစ်တကျဆောင်ရွက်မှုမရှိတဲ့အတွက်ကြောင့်မို့လို့ တစ်ကြောင်းထိုးမြေသားလမ်းဆိုပေမဲ့လို့ မော်တော်ဆိုင်ကယ်တောင်မှသွားလာ၍ မရပါဘူး။ ဒါကြောင့်မို့လို့ ဒီလမ်းပိုင်းကို အဓိကမှီခိုနေရတဲ့ လေရှီးမြို့နယ်ရဲ့ လူဦးရေအထူထပ်ဆုံးဖြစ်တဲ့ အနောက်ဘက်ခြမ်း တစ်ခြမ်းလုံးဟာ ကျေးရွာပြည်သူများအားလုံး သွားရေးလာရေး အင်မတန်မှ ခက်ခဲနေပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဆောင်ရွက်နေတဲ့လုပ်ငန်းများနှင့်ပတ်သက်ပြီးမှ ဌာနရဲ့ စာရင်းဇယားအပေါ်မှာတော့ ပြီးစီးမှုရာနှုန်းပြည့် တော်တော်များများဖော်ပြထားတာတွေကို တွေ့ရှိရပါတယ်။ သို့သော်လည်း အမှန်တကယ်မြေပြင်မှာ လုပ်ငန်းများဟာ ယခုကဲ့သို့ တစ်ပိုင်းတစ်စတွေနဲ့ ပစ်ထားတာတွေ များစွာရှိနေတဲ့အတွက်မို့လို့ ဝန်ကြီးဌာနအနေနဲ့သေချာစစ်ဆေးဖို့လည်း လိုအပ်နေသလို အမှန်တကယ်ဆောင်ရွက်မှုမရှိတဲ့ လုပ်ငန်းစဉ်များကိုလည်းထိထိရောက်ရောက် အရေးယူမှုဆောင်ရွက်ဖို့လည်း လိုအပ်နေတယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အရေးယူမှုမရှိလို့ရှိရင်တော့ လုပ်ငန်းရှင်များအနေနဲ့ လုပ်ငန်းများအပေါ်မှာ ဆက်ပြီးတော့မှအလေးထားမှု အားနည်းနေဦးမှာဖြစ်ပါတယ်။ ဒီလမ်းပိုင်းဟာဆိုလို့ရှိရင် ရှေ့မှာတင်ပြသလိုပဲ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကတည်းက ဆောင်ရွက်ခဲ့တဲ့လုပ်ငန်းဖြစ်ပေမဲ့လို့ ဘာကြောင့် ယခုအချိန်အထိမပြီးသေးတာလဲဆိုတာကို သိရှိလိုပါတယ်။ နောက်ပြီးတော့မှ မည်သို့ဆက်လက်ဆောင်ရွက်မည်ဆိုတာကိုလည်းသိရှိလိုကြောင်း ပြည်သူများရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးကနေပြီးတော့ လေရှီးမြို့နယ် မိုပိုင်းလွတ်-ဆွမ္မရာလမ်း မြေသားလမ်း ၆၈ မိုင်၊ ကျောက်လမ်း ၂၀ မိုင်နှင့် ကတ္တရာလမ်း ၁၀ မိုင်အား ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ဖြင့် ဆောင်ရွက်ခဲ့ရာ အဘယ်ကြောင့် ယနေ့အထိ လုပ်ငန်းပြီးစီးမှုမရှိသည်ကို သိရှိလိုခြင်းနှင့် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်းမေးမြန်းလာခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်ပါ မိုပိုင်းလွတ်-ဆွမ္မရာလမ်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ပြည်ထောင်စုရန်ပုံငွေမှာ ပါဝင်ခဲ့သော်လည်း ပြည်ထောင်စုရန်ပုံငွေပါ လုပ်ငန်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စီမံကွပ်ကဲမှုဖြင့် ခွဲဝေဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ဂရိတ်ထိန်ညိုကုမ္ပဏီမှ မြေလမ်း ၆၈ မိုင်၊ ကျောက်လမ်း ၂၀ မိုင်၊ ကတ္တရာလမ်း ၁၀ မိုင် ဖောက်လုပ်ခြင်းအတွက် ရန်ပုံငွေ ၁၂၅၈ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ဂရိတ်ထိန်ညိုကုမ္ပဏီဟာ လုပ်ငန်းများဆောင်ရွက်ရာမှာ ရာသီဥတုအခက်အခဲ၊ လုပ်ငန်းခွင်စက်ပစ္စည်းအကျပ်အတည်း၊ ဒေသမှကျောက်ရရှိမှုအခက်အခဲများနှင့် လုပ်သားအင်အားရရှိမှုအခက်အခဲနှင့် လမ်းပန်းဆက်သွယ်ရေးအခဲအခက်များကြောင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခြင်းမရှိပါဘူး။ ၎င်းအတွက် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်ခွင့်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကာလအတွင်း ကျောက်လမ်း ၂၀ မိုင်အနက် ၁၅ မိုင်၊ ကတ္တရာလမ်း ၁၀ အနက် ၄ မိုင်သာပြီးစီးခဲ့ပြီး ကျောက်လမ်း ၅ မိုင်နှင့် ကတ္တရာလမ်း ၆ မိုင် ဆောင်ရွက်ဆဲ ဖြစ်ပေါ်ခဲ့ရပါတယ်။

အဆိုပါကျန်ရှိလုပ်ငန်းများကို ကုမ္ပဏီမှ ဆက်လက်ဆောင်ရွက်ခဲ့ရာ သက်ဆိုင်ရာဒေသရဲ့ တင်ပြချက်အရ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့အထိ ကျောက်လမ်း ၅ မိုင်နှင့် ကတ္တရာခင်းခြင်း ၅/၄ မိုင် ထပ်မံပြီးစီးခဲ့သဖြင့် စုစုပေါင်းဆောင်ရွက်ရန် ကတ္တရာလမ်း ၀/၄ မိုင်သာ ကျန်ရှိကြောင်း စိစစ်သိရှိရပါတယ်။ မိုပိုင်းလွတ်-ဆွမ္မရာလမ်းမှာ မိုးများတဲ့အရပ်ဒေသဖြစ်ပါတယ်။ တောတောင်ထူထပ်ပြီးတော့ လမ်းကြောင်းပေါ်မှာ ကျေးရွာနှစ်ရွာသာရှိပြီး သွားလာမှုနည်းပါးသောဒေသလည်း

ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာလည်း မိုးသည်းထန်စွာ ရွာသွန်းခြင်းများကြောင့် လမ်းပိုင်းပျက်စီးမှုအချို့ဖြစ်ပေါ်ခဲ့ရပါတယ်။ သက်ဆိုင်ရာကုမ္ပဏီအနေနဲ့လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်မှစ၍ မိုပိုင်းလွတ်-ဆွမ္မရာလမ်း ပြင်/ထိန်းလုပ်ငန်းများနှင့် ကျန်လမ်းလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

အဆိုပါလမ်း ရေရှည်တည်တံ့ပြီး ဒေသခံပြည်သူများ ခရီးသွားလာရေး အဆင်ပြေစေရန်အတွက် လာမယ့်ဘဏ္ဍာနှစ်များမှာ လုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုဘတ်ဂျက်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ၂၄ ပေအကျယ် မြေသားလမ်းချဲ့ခြင်း ၁၅ မိုင်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ၂၄ ပေအကျယ် မြေသားလမ်းချဲ့ခြင်း ၁၀ မိုင်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ၂၄ ပေအကျယ် မြေသားလမ်းချဲ့ခြင်း ၁၂ မိုင်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ၁၀ မိုင်အားလည်းကောင်း တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျောက်လမ်း ၁၅ မိုင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကတ္တရာလမ်း ၁၀ မိုင်၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ Box Culvert ၂၀ စင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ Pipe Culvert ၅၀ စင်းအား လျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ စောစောတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကုမ္ပဏီတွေဟာ လုပ်ဆောင်တဲ့နေရာမှာ အရေးယူမှုမရှိဘူးဆိုတဲ့အပိုင်းနှင့်ပတ်သက်ပြီးတော့ အနည်းငယ်ရှင်းလင်းဖြေကြားလိုပါတယ်။ ကျွန်တော်တို့တွေက တင်ဒါဖြစ်တဲ့ အချိန်မှစပြီးတော့ ကုမ္ပဏီများက အရည်အသွေးသတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိအောင်၊ အရည်အသွေးကောင်းမွန်မှုရှိအောင်ကိုလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေတို့ ဒေသခံပြည်သူလူထုကို အပ်ထားပြီးလည်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတို့အနေနဲ့လည်း ဆင်းပြီးတော့ စစ်ဆေးနိုင်ပါတယ်။ စစ်ဆေးတဲ့အပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အရေးယူရမယ်ဆိုလို့ရှိရင်လည်း အရေးယူဆောင်ရွက်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုင်းရယ်မြို့နယ်အတွင်းရှိ နမ့်လန်း- ဟိုတိ- မန်ကျောင်းပန်ရှင်- လွယ်ငင်းကျေးရွာချင်းဆက်လမ်းအပိုင်း ၁၄ မိုင်ခန့်အား ရာသီမရွေးအသုံးပြုနိုင်သော ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဖောက်လုပ်ပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် ကိစ္စများနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် များအနေဖြင့် လွှတ်တော်က အတည်ပြု ထားတဲ့နှစ်အလိုက် အမျိုးသားစီမံကိန်းမှာ ပါဝင်တဲ့လုပ်ငန်းများ နှင့်ဆက်စပ်ပြီး တင်ပြ တောင်းဆိုမေးမြန်းရန်ဖြစ်သော်လည်းပဲ ဒေသခံပြည်သူ လူထုများရဲ့ တောင်းဆိုချက်အရ သာမန် ရန်ပုံငွေလျာထားဆောင်ရွက်ပေးရန် တင်ပြတောင်းဆို မေးမြန်းရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ်အတွင်းမှာရှိတဲ့ ဟိုတိကျေးရွာအုပ်စု၊ မန်ကျောင်းပန်ရှင်ကျေးရွာအုပ်စုနှင့် လွယ်ငင်းကျေးရွာအုပ်စုသုံးခုတို့ကို ဆက်သွယ်ထားတဲ့ လမ်း ၁၄ မိုင်ခန့်ရှိတဲ့ နမ့်လန်း-ဟိုတိ-မန်ကျောင်းပန်ရှင်-လွယ်ငင်း ကျေးရွာချင်းဆက်လမ်းအပိုင်းကို ရာသီ မရွေးအသုံးပြုနိုင်တဲ့ ကတ္တရာလမ်းပိုင်းအဖြစ် တိုးမြှင့်ဖောက်လုပ်ပေးပါရန် ဒေသခံပြည်သူများ က တောင်းဆိုလျက်ရှိနေပါတယ်။ အဆိုပါလမ်းပိုင်းတွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမယ်ဆိုပါက လမ်းတစ်လျှောက်မှာရှိနေတဲ့ နမ့်လန်း၊ ဟိုတိ၊ ကောင်းလန်း၊ ကောင်းစံ၊ နမ့်တောင်း၊ မန်ကျောင်းပန်ရှင်၊ လွယ်ငင်းစတဲ့ကျေးရွာများအပြင် ဒေသအတွင်းမှာ ကျေးရွာပေါင်း ၂၅ ရွာခန့် အသုံးပြုနိုင်မှာဖြစ်တဲ့ အတွက်ကြောင့် ဒေသတွင်းစိုက်ပျိုးထုတ်ကုန်များအား ဈေးကွက်သို့ အလျင်အမြန်ပို့ဆောင်နိုင်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းကြောင့် ဒေသတွင်းစီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါ တယ်။ အဆိုပါလမ်းပိုင်းဟာ သီပေါ-ဆောင်ကြဲ-မိုင်းရယ်ကားလမ်းပိုင်းမှာရှိတဲ့ နမ့်လန်းကျေးရွာမှ လားရှိုး-မယ်ဟန်-မိုင်းရယ်ကားလမ်းပိုင်းမှာရှိတဲ့ လွယ်ငင်းကျေးရွာကို ဆက်သွယ်ထားတဲ့လမ်းဖြစ်တဲ့ အတွက်ကြောင့် လမ်းအဆင့်မြှင့်တင်ဖောက်လုပ်ပေးခြင်းကြောင့် ကျေးလက်နေပြည်သူတို့ရဲ့ လူမှုဘဝ တိုးတက်မြင့်မားလာခြင်းနဲ့အတူ ပညာရေး၊ ကျန်းမာရေးအတွက်လည်း ထိုဒေသမှာ သွားရောက် တာဝန်ထမ်းဆောင်တဲ့ နိုင်ငံ့ဝန်ထမ်းများအတွက် အဆင်ပြေလွယ်ကူအောင် လုပ်ငန်းခွင်သာယာ ပြီးတော့ ဒေသဖွံ့ဖြိုးရေးများကိုများစွာ အထောက်အကူဖြစ်မှာ ဖြစ်ပါတယ်။ အဆိုပါဒေသဟာ ယခင် နယ်မြေမအေးချမ်းတဲ့ကာလက အုပ်ချုပ်မှုနှင့်အလှမ်းကွာဝေးပြီး အစိုးရအဆက်ဆက်ရဲ့ မေ့လျော့

စွန့်ပစ်ထားခြင်းခံရကာ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တဲ့ဒေသလည်း ဖြစ်ပါတယ်။ အခုအခါမှာ ဒေသတွင်း အေးချမ်းလာပြီးဖြစ်တဲ့အပြင် ပြည်သူ့အစိုးရလက်ထက်မှာ ဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့တဲ့ဒေသများကို ဦးစားပေးဆောင်ရွက်ပေးလိမ့်မယ်လို့ ဒေသခံပြည်သူများကလည်း ယုံကြည်မျှော်လင့်နေကြပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် မေးမြန်းလိုတာကတော့ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုများစွာ အထောက်အကူ ပြုပေးမယ့် မိုင်းရယ်မြို့အတွင်းရှိ နမ့်လန်း-ဟိုတိ-မန်ကျောင်းပန်ရှင်-လွယ်ငင်းကျေးရွာချင်းဆက်လမ်း အပိုင်း ၁၄ မိုင်ခန့်ကို ရာသီမရွေး အသုံးပြုနိုင်တဲ့ကတ္တရာလမ်းအဖြစ်တိုးမြှင့်ဖောက်လုပ်ပေးနိုင်ပါရန် ဒေသခံပြည်သူများက တောင်ဆိုလျက်ရှိတဲ့အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု အရအသုံးခန့်မှန်းခြေငွေစာရင်း သို့မဟုတ် ရှမ်းပြည်နယ်အစိုးရ၏ ဘတ်ဂျက်တွင် ထည့်သွင်း လျာထားဆောင်ရွက်ပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ဒေသခံပြည်သူများရဲ့ တင်ပြ တောင်းဆိုချက်အား မည်ကဲ့သို့ ဆောင်ရွက်ပေး မည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွင့်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်မှ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို များစွာအထောက်အကူပြုစေမည့် မိုင်းရယ်မြို့နယ်အတွင်းရှိ နမ့်လန်း-ဟိုတိ-မန်ကျောင်းပန်ရှင်-လွယ်ငင်း ကျေးရွာချင်းဆက်လမ်းပိုင်း ၁၄ မိုင်ခန့်အား ရာသီမရွေး အသုံးပြုနိုင်သော ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဖောက်လုပ်ပေးနိုင်ပါရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း သို့မဟုတ် ရှမ်းပြည်နယ်အစိုးရ၏ဘတ်ဂျက်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာအစိုးရအဖွဲ့မှ ဒေသခံပြည်သူများ၏ တင်ပြတောင်းဆိုချက်အား မည်သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်းမှာ ဒေသဖွံ့ဖြိုးရေး အတွက် အမှန်တကယ်လိုအပ်သော လုပ်ငန်းဖြစ်မည်ဟုယုံကြည်ပါကြောင်းနှင့် ယခုလို နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားစွာ ကွင်းဆင်းစစ်ဆေး၍ မေးမြန်းသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။

အဆိုပါလမ်းဟာ သီပေါ-ဆောင်ကြဲ-မိုင်းရယ် ကားလမ်းရှိ နမ့်လန်းကျေးရွာမှ လားရှိုး-မယ်ဟန်-မိုင်းရယ်ကားလမ်းရှိ လွယ်ငင်းကျေးရွာသို့ ဆက်သွယ်တဲ့လမ်းဖြစ်ရာ လမ်းအဆင့်မြှင့်တင် ဖောက်လုပ်ပေးခြင်းဖြင့် နမ့်လန်း၊ ဟိုတိ၊ ကောင်းလန်း၊ ကောင်းစံ၊ နမ့်တောင်း၊ မန်ကျောင်းပန်ရှင်၊ နမ့်ဟူး၊ ကောင်းဆန်၊ ကုန်းဆာ၊ လွယ်ငင်းစသည့်ကျေးရွာများအပြင် ဒေသအတွင်း ကျေးရွာပေါင်း ၂၅ ရွာခန့် အသုံးပြုနိုင်မည်ဖြစ်ပါသဖြင့် ကျေးလက်နေပြည်သူတို့၏ လူမှုဘဝတိုးတက်မြင့်မားလာခြင်းနှင့် အတူ ထိုဒေသတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံဝန်ထမ်းများအတွက် အဆင်ပြေလွယ်ကူကာ လုပ်ငန်းခွင်သာယာပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍အဆိုပါလမ်း ၁၄ မိုင်အနက် ၈ မိုင်ကျောက်ခင်းလုပ်ငန်းအား ပြည်နယ်အစိုးရ၏ စိစစ်ထောက်ခံမှုဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေတွင် အဆိုပြုလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်က ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံ၏အချုပ်အခြာတည်မြဲမှု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်း အရေးကြီး အဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းက ဥက္ကဋ္ဌထံသို့ စာဖြင့်ရေးသား၍ လက်မှတ်ရေးထိုးတင်ပြလာပါတယ်။ အဆိုမှာ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေး

ဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံ၏အချုပ်အခြာတည်မြဲမှု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှ စိုးရိမ်ကြောင်း အရေးကြီးအဆိုဖြစ်ပါတယ်။ အရေးကြီးအဆိုတင်သွင်းဖို့ ဒေါက်တာမောင်သင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိတ္ထီလာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကြေခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံ၏အချုပ်အခြာတည်မြဲမှု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှ စိုးရိမ်ကြောင်း အရေးကြီးအဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပြုပါရန် ဆက်လက်တင်ပြအပ်ပါတယ်။ အားလုံးသိပြီးဖြစ်ကြတဲ့အတိုင်း ၂၀-၁၁-၂၀၁၆ နံနက် ၂ နာရီအချိန်ခန့်က မူဆယ်၊ ကွတ်ခိုင်မြို့နယ်အတွင်းမှာရှိတဲ့ တပ်စခန်းများ၊ ၁၀၅ မိုင် ကုန်သွယ်ရေးစခန်းတို့အား KIA, TNLA နှင့် MNDAA ပူးပေါင်းအဖွဲ့တို့မှ လာရောက်ပစ်ခတ်တဲ့အတွက်ကြောင့် ပြည်သူ့ရဲ၊ တပ်မတော်သား၊ ဝန်ထမ်းနှင့် အပြစ်မဲ့ပြည်သူများ သေကျေဆုံးရှုံးခဲ့ရပါတယ်။ ထို့အတူ စုစုပေါင်း ဒဏ်ရာရသူ ၂၉ ဦး ရှိခဲ့ပြီးဖြစ်ပါတယ်။ ဖြစ်တုန်းက သုံးမြို့နယ်တည်းပါ။ ထို့နောက် နမ္မတူ၊ နမ့်ခမ်းနှင့် သိန္နီမြို့နယ်များမှာရှိတဲ့ ရွာများသို့ ဆက်လက်တိုက်ခိုက်မှုကြောင့် တပ်မတော်နှင့်ပြည်သူတို့မှ ကာကွယ်နေတဲ့ကြားက ပြည်သူများသေဆုံးမှုနှင့် ဒဏ်ရာရမှုများ ပိုမိုများပြားလာတာကို တွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံပိုင်သတင်းစာများမှာဖော်ပြခဲ့တဲ့ သတင်းအချက်အလက်များကို ဖော်ပြသွားပါမယ်။ ဒါကတော့ ၂၀ ရက်နေ့က ဖြစ်ပေါ်မှုကြောင့် အရပ်သားသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုပါ။ ဒါကတော့ ဆေးရုံတက်နေရပြီးတော့ ဒဏ်ရာရခဲ့တဲ့ အပြစ်မဲ့ပြည်သူတွေပါ။ ဒါလည်းပဲ ဆေးရုံတက်နေတဲ့ အပြစ်မဲ့ပြည်သူတွေပါ။ ဒဏ်ရာရနေတဲ့အပြစ်မဲ့ပြည်သူတွေပါ။ ဒီဘက်ကပုံကတော့ အဲဒီ တံတားမိုင်းခွဲတဲ့အချိန်မှာဖြတ်သွားတဲ့ ပြည်သူဒဏ်ရာရတာနဲ့ နှစ်ယောက်တွဲအပေါ်ကပုံကတော့ လာကူတဲ့ လူမှုဝန်ထမ်းတစ်ဦးဒဏ်ရာရခဲ့တာပါ။ ဒီမှာလည်းပဲ အားလုံးသိတဲ့အတိုင်းပဲ လမ်းလုပ်ငန်းဆောင်ရွက်နေတဲ့ ယာဉ်မောင်းသုံးဦးကို ဖမ်းဆီးပြီးတော့ နှိပ်စက်တာမှာ အဲဒီမှာတစ်ယောက်နှိပ်စက်ခံရတဲ့ အကြောင်းကို ဖော်ပြထားတာပါ။ ဒီဥစ္စာကတော့ ဖြတ်သွားတဲ့ကားကို ပစ်ခတ်တဲ့အတွက်ကြောင့် ယာဉ်နောက်လိုက်တစ်ဦးသေဆုံးနေတဲ့ပုံပဲဖြစ်ပါတယ်။ ဒါကတော့ တံတားခြောက်စင်းဖျက်ဆီးခံရတဲ့ အထဲက နှစ်စင်းကို ဖော်ပြထားပေးခြင်းဖြစ်ပါတယ်။ နောက်တစ်ခု ဒါကတော့ အားလုံးသိပြီးဖြစ်တဲ့ အတိုင်းပဲ ခရီးသည်ယာဉ်(Express)တွေရယ်၊ နောက်ပြီးကုန်တင်ယာဉ်ကြီးတွေရယ် ဖျက်စီးခံရတာပါ။ စုစုပေါင်း ကားခြောက်စီးဖျက်စီးခံရတယ်လို့ သတင်းရရှိပါတယ်။

ဒါကတော့ အဲဒီလိုသွားလာနေတဲ့လမ်းထဲမှာ ဆက်ကြေးတောင်းခံနေတယ်ဆိုတဲ့အချက်ကို နိုင်ငံပိုင်သတင်းစာတွေမှာ ဖော်ပြထားတာပါ။ နောက်တစ်ခုကတော့ အဲဒီပြည်ထောင်စုလမ်းမကြီးပေါ်မှာ ခရီးသွားလာမှုပျက်ပြားစေရန်အတွက် ကျွန်တော်တို့ သွားလာနေတဲ့ဆီသည်ယာဉ်တွေရယ်၊ ကုန်တင်ယာဉ်တွေကို အတင်းအကြပ်ပိတ်ခိုင်းပြီးတော့ ဒါခရီးသွားလာမှုပျက်စီးအောင် ဆောင်ရွက်နေခြင်းပါ။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ စစ်ရှောင်ဒုက္ခသည်အဖြစ် ရောက်ရှိခဲ့ကြတဲ့ ပြည်သူတွေကို ဝန်ကြီးဌာနအနေနဲ့ ပြည်သူများက ကူညီနေတဲ့ပုံပါ။ အောက်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဒဏ်ရာရတဲ့လူတွေကို အားလုံးသိပြီးဖြစ်တဲ့အတိုင်းပဲ ငွေကြေးထောက်ပံ့နေတဲ့ပုံပါ။ ဒါကတော့ စစ်ရှောင်ဒုက္ခသည်စခန်းပါ။ ကျောင်းတက်ရမယ့်ကလေးတွေက ကျောင်းတက်ရမယ့်အစား လုံခြုံတဲ့ နေရာကို သွားနေရတာပါ။ ဒါကတော့ ၂၃ ရက်နေ့မှာ စုစုပေါင်း ဒုက္ခသည် ၃၇၀၀ တိတိရှိသွားပြီးဆိုတဲ့ စစ်ရှောင်ဒုက္ခသည် ၃၇၀၀ တိတိရှိသွားပြီးတော့ ဘုန်းတော်ကြီးကျောင်းတွေ၊ နောက်ပြီးတော့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွေမှာ ခိုလှုံနေရတဲ့အရေအတွက်ပါ။

ဒါကတော့ ကျွန်တော် ၂၆ ရက်နေ့မှာရရှိတဲ့သတင်းပါ။ နောက်ပိုင်းမှာကျတော့ ဘာဖြစ်လဲဆိုတော့ သေဆုံးသူက ရှစ်ဦးလို့ ထပ်မံသိရှိရပါတယ်။ တံတားခြောက်စင်း၊ ကားခြောက်စီးအပြင်ကို ပြည်ထောင်စုလမ်းမကြီးကိုပါ ဖျက်ဆီးရတယ်ဆိုတဲ့သတင်းကို ကျွန်တော်တို့ နောက်ထပ် ထပ်မံရရှိပါ

တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ စိုးရိမ်မိကြောင်း အထူးသဖြင့် ပြည်ထောင်စုအစိုးရရဲ့ အစဉ်တစိုက်ကြိုးပန်းခဲ့သော အမျိုးသား ရင်ကြားစေ့ရေးကို အကောင်အထည်ဖော်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏လုပ်ငန်းစဉ် များကို နှောင့်နှေးစေမှုကို ဖြစ်ပေါ်လာနိုင်စေမည်ကို စိုးရိမ်မိကြောင်း တင်ပြခဲ့ပါတယ်။

ဒါကတော့ ခုနက ထုတ်ပြန်ချက်ထဲမှာပါဝင်တဲ့အချက်လေးကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ထိခိုက်စေနိုင်တဲ့အပြင် ပြည်သူတွေသေဆုံးရတဲ့အတွက်ကြောင့် ဥက္ကဋ္ဌအနေနဲ့ ဝမ်းနည်းမိကြောင်း ဖော်ပြချက်ကို တင်ပြထားခြင်းဖြစ်ပါတယ်။ အားလုံးကိုချုပ်ရလို့ရှိရင် ကျွန်တော်တို့ ဒီဖြစ်စဉ်ကြီးမှာ ၂၀ ရက်နေ့ နံနက် ၂ နာရီကနေ ယနေ့အထိ အပြစ်မဲ့ပြည်သူတွေ သေဆုံးရတယ်။ ဒဏ်ရာရတယ်။ ညှင်းပန်းနှိပ်စက်ခံရတယ်။ ဆက်ကြေးတောင်းခံရတယ်။ အိုးအိမ်စွန့်ခွာပြီးတော့ စစ်ရှောင်ဘဝရောက် ရတယ်။ နောက်ပြီးတော့ ကျောင်းသားကျောင်းသူများ ကျောင်းမတက်နိုင်ခြင်းနဲ့ လယ်ယာစီးပွားရေး လုပ်ငန်းတွေကို စွန့်ပစ်ခဲ့ရတော့ စီးပွားရေးလုပ်ငန်းတွေပျက်စီးတယ်။ ထို့အတူ ကုန်သွယ်ရေး တွေလည်းပျက်စီးတယ်။ နိုင်ငံတော်အနေနဲ့လည်းပဲ အချုပ်အခြာအာဏာတည်တံ့မှုကို ထိပါးခံရတယ်။ တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာတယ်။ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားလာတယ်။ နောက်ပြီးတော့ နယ်စပ်ကုန်သွယ်ရေးရပ်ဆိုင်းသွားတယ်။ ဒါကြောင့် အခွန်ထမ်းဝန်ထမ်းများရဲ့ စီးပွားရေးလုပ်ငန်းတချို့ပျက်စီးသွားတယ်ဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ အထူးသဖြင့် ခုနက ကျွန်တော်ပြောပြပြီးသလို ပြည်ထောင်စုအစိုးရရဲ့ အစဉ်တစိုက်ကြိုးပမ်းခဲ့တဲ့ အမျိုးသားရင်ကြားစေ့ ရေးကို အကောင်အထည်ဖော်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံရဲ့ လုပ်ငန်းစဉ်များ အချိန်ကို နှောင်းနှေးစေမှုများဖြစ်ပေါ်လာနိုင်မှာကို ပြည်သူများအနေနဲ့လည်း စိုးရိမ်မိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အားလုံးကိုခြုံကြည့်ပြီးတော့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ရမယ်ဆိုလို့ရှိရင် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်မိုင်းထောင်မှုများကြောင့် အပြစ်မဲ့ပြည်သူများသေရခြင်း ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဖြစ်ပေါ်စေမှုနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှု တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့ကို

ထိခိုက်စေနိုင်မည်ကို လွှတ်တော်မှ စိုးရိမ်မိကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် အရေးကြီးအဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒေါက်တာမောင်သင်း တင်သွင်းတဲ့အရေးကြီးအဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါ တယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်းတင်သွင်းသွားတဲ့အဆိုနှင့် ပတ်သက်၍ ထောက်ခံသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုး တိုးတက်သောနိုင်ငံတစ်နိုင်ငံတွင် အဓိကရှိရမည့်အင်္ဂါရပ်သုံးခုမှာ နိုင်ငံတော်လုံခြုံရေးနှင့်တရား ဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုတို့ပဲဖြစ်ပါတယ်။ နိုင်ငံရေးပညာရှင်များ ၏ ရေးသားချက်များကို လေ့လာမှတ်သားဖူးပါတယ်။ နိုင်ငံတော်လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးမှု မရှိလျှင် ကျန်တဲ့နိုင်ငံရေးနှင့်စီးပွားရေးဟာလည်း ဖွံ့ဖြိုးတိုးတက်လာမှာမဟုတ်ပါဘူး။ ယနေ့ ရှမ်း ပြည်နယ်မြောက်ပိုင်းမှာဖြစ်ပွားနေတဲ့ KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့ရဲ့တိုက်ခိုက်မှုဟာ အဆိုပါပညာရှင်များ၏ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်လိုအပ်သော အချက်သုံးချက်ကို ပျက်ယွင်းအောင် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးမှု၏ဆန့်ကျင်ဘက် အဖျက်လုပ်ငန်း များကို တမင်လုပ်ဆောင်နေခြင်းလို့မြင်မိပါတယ်။ အဆိုပါပူးပေါင်းအဖွဲ့၏ပစ်ခတ်မှုကြောင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ နေထိုင်ကြသော အပြစ်မဲ့ပြည်သူများ သေကျေခြင်း၊ ထိခိုက်ဒဏ်ရာ ရခြင်းသည် တည်ငြိမ်အေးချမ်းမှုပျက်ပြားခြင်း၊ တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် အိုးပစ်အိမ်ပစ် စစ်ဘေး ဒုက္ခသည်အဖြစ်ရောက်ကာ မိမိတို့၏စီးပွားရေးကို ပစ်ပယ်ရခြင်းဖြစ်ပါတယ်။ လမ်းပိတ်ဆို့ခြင်း၊ တံတားများဖျက်ဆီးခြင်းတို့သည်လည်း ကုန်စည်ကူးသန်းမှုကို ရပ်ဆိုင်းသွားအောင် ဆောင်ရွက် နေခြင်းဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်တွေကြောင့် ပြည်ထောင်စုလမ်းမကြီးနှင့် တံတားများပျက်စီးရခြင်း၊ တပ်မတော်နှင့် ရဲစခန်းများ၏အဆောက်အဦများ၊ အပြစ်မဲ့ပြည်သူများ၏နေအိမ်များနှင့် စစ်ရှောင် ပြည်သူများ၏ပံ့ပိုးမှုများစသည်တို့အတွက် မဖြစ်မနေအကုန်အကျများလာမှာဖြစ်ပါတယ်။ ထိုကုန်ကျ မှုများဟာလည်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် သုံးစွဲမယ့်ဘဏ္ဍာငွေမှထည့်၍ သုံးစွဲရခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှောင့်နှေးစေပါတယ်။ ယင်းကုန်ကျမှုနှင့် တည်ဆောက်ပြီးသား လုပ်ငန်းများပြန်လည်တည်ဆောက်နေရခြင်းမှာ အဆိုပါပူးပေါင်းအဖွဲ့၏ အချုပ်အခြာအာဏာကို

ထိပါးသောလုပ်ရပ်ကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်ပါတယ်။ ထိုဖြစ်စဉ်နှင့်တစ်ဆက်တည်းမှာပင် ဒေါပုံမြို့နယ် Super Market၊ လဝကရုံး နှင့် ရန်ကုန်တိုင်းအစိုးရအဖွဲ့ရုံးတို့ ပေါက်ကွဲမှုတွေဟာလည်း မြို့ကြီးများ၏တည်ငြိမ်အေးချမ်းမှုကို ဆန့်ကျင်သည့်လုပ်ရပ်တို့ဖြစ်နေကြောင်း တွေ့ရှိပါတယ်။ ဆိုလိုတာက မြို့ရော၊ နယ်ရော ပြည်သူများ တည်ငြိမ်အေးချမ်းမှုမရှိအောင် ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းမှုရှိမှ တိုင်းပြည်ဖွံ့ဖြိုးမယ်ဆိုတာသိတဲ့အတွက် အမျိုးသား ရင်ကြားစေ့ရေးကိုလည်း တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါတယ်။ ထိုရည်မှန်းချက်အောင်မြင်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ(၂၁ ရာစုပင်လုံ)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပါတယ်။ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့၏ ၂၀-၁၁-၂၀၁၆ ရက်နေ့မှစ၍ ပစ်ခတ်မှု၊ မိုင်းထောင်မှု၊ ဗုံးခွဲမှုလုပ်ရပ်များသည် နိုင်ငံတော်အစိုးရ၏ အဆိုပါငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆန့်ကျင်နေကြောင်း ထင်ရှားစွာလုပ်ဆောင်ပြနေခြင်းဖြစ်ပါသဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ်ဖော်ဆောင်ရေးလုပ်ငန်း နှောင့်နှေးမှုများကို ပြည်သူများအနေဖြင့် စိုးရိမ်နေ ကြပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူ၊ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်၊ ဖျက်ဆီး၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာပြေး ဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်မြဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို ထိခိုက်ပျက်စီးစေခြင်းကို လွှတ်တော်မှ စိုးရိမ် မိကြောင်းအဆိုတင်သွင်းထားသော ဒေါက်တာမောင်သင်း၏အဆိုကို လေးလေးနက်နက် ထောက်ခံ အပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာမောင်သင်းတင်သွင်းတဲ့ အရေးကြီးအဆိုကို ဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဒီအရေးကြီးအဆို ကို ဆက်လက်ဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာမောင်သင်းတင်သွင်းတဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်တို့တွင် KIA, MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများ သေကျေခြင်း၊ ဒဏ်ရာရခြင်းနှင့် အိုးအိမ်စွန့်ခွာစစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်း၊ နိုင်ငံ၏အချုပ်အခြာအာဏာ တည်မြဲမှု၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှ စိုးရိမ်ကြောင်းအရေးကြီးအဆိုကို လွှတ်တော်ကဆက်လက်ဆွေးနွေးမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဒေါက်တာမောင်သင်း၊ မိတ္ထီလာမဲဆန္ဒနယ်ကတင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ ဒီအရေးကြီးအဆိုကို ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ၃၀-၁၁-၂၀၁၆ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်ကတင်သွင်းသည့် ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့်သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့်အညီစွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ ၁၈-၁၁-၂၀၁၆ ရက်နေ့မှာတင်သွင်းတဲ့ ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှထွက်ရှိတဲ့ စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့်သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါစံချိန်စံညွှန်းများနှင့် အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်

စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၁ ဦးရှိပါတယ်။ ပထမဦးစွာ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါရှင်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ ဦးအောင်ကျော်ကျော်ဦး၏ ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့်သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်း များနှင့်အညီစွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ပထမအချက်အနေနဲ့ တင်ပြရရင် အဆိုရှင်က ဥပဒေနှင့်အညီ အရက်ချက်လုပ်ငန်းတွေကို စနစ်တကျလုပ်ကိုင်သွားဖို့ ဆွေးနွေးသွားပါတယ်။ ကျွန်မ အနေနဲ့ ဖြည့်စွက်ဆွေးနွေးလိုတာကတော့ ဒီစက်ရုံတွေရဲ့ အဓိကသော့ချက်ဖြစ်တဲ့ သောက်သုံးသူတွေ ကိုလည်း ထိန်းချုပ်ပါမှ ထုတ်လုပ်မှုကိုလည်း ထိန်းသိမ်းသွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ ကျွန်မတို့ မြန်မာနိုင်ငံဟာ အရက်အလွယ်တကူဝယ်လို့အရဆုံး နိုင်ငံထဲမှာပါဝင်လို့ ပဲဖြစ်ပါတယ်။ လက်ဖက်ရည်ဆိုင်ဆိုတာ ရွာရမှာဖြစ်သော်လည်း နေ့ရောညပါဖွင့်နေတဲ့ အရက်ဆိုင်၊ ဘီယာဆိုင်တွေက လက်ညှိုးထိုးမလွဲတွေ့နေရပါတယ်။ ဒါကြောင့် အောက်လက်တွေကို စိစစ်မှ Production ကလည်း ပရမ်းပတာမဖြစ်ဘဲ ထိန်းသိမ်းသွားနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံကထုတ်လုပ်တဲ့အရက်အများစုဟာ ပြည်တွင်းဈေးကွက်မှာပဲ ရောင်းချနေကြလို့ ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံ ၁၉၁၇ ခုနှစ်၊ ယစ်မျိုးအက်ဥပဒေ၊နည်းဥပဒေများအရ သိပ္ပံနည်းကျ ထုတ်လုပ်ခွင့်ရောင်းချခွင့်ရှိသူ ၃၀၀ ကျော်ရှိပြီး လက်လီလက်ကားရောင်းချသူဦးရေမှာ ၄၀၀၀၀ ကျော် ရှိပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်လအထိ စာရင်းများအရ မြန်မာနိုင်ငံတစ်ဝန်းတွင် လက်လီလက်ကား အရက်ဆိုင်ပေါင်း ၄၁၂၁၀၊ စက်ရုံပေါင်း ၇၃ ရုံ၊ ဘီယာစက်ရုံပေါင်း လေးရုံ၊ ဝိုင်စက်ရုံပေါင်း ၄၀ ရုံ၊ တောအရက်ချက်စက်ရုံပေါင်း ၄၁၀ ရုံနဲ့ ဖြန့်ဖြူးသူဦးရေ ၂၁၈ ဦးခန့်ရှိပါတယ်။ သို့သော် အရက်မှ ရသော ဝင်ငွေခွန်ဟာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေဆိုင်ရာ ငွေစာရင်းများအရ ပြည်ထဲရေးဝန်ကြီးဌာနမှ ယစ်မျိုးအခွန်အား ကျပ်သန်းပေါင်း ၉၄၀.၃၁၁ ကျပ် ကောက်ယူရန်ခန့်မှန်း

ထားသည်ကိုတွေ့ရှိရပါတယ်။ အင်မတန်နည်း၍မဖြစ်သင့်သော ကြီးကြပ်မှုဖြစ်ပါတယ်။ ဒါ့အပြင် လိုင်စင်ရဆိုင်များရဲ့ အခွန်ထည့်ဝင်မှုဟာလည်း မြို့နယ်ချင်းအလိုက် စိတ်ကျေနပ်စရာမရှိသော အနေအထားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒုတိယအချက်အနေနဲ့ တင်ပြလိုတာကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ အခွန်ဦးစီးဌာနတို့ရဲ့ ကြီးကြပ်မှုကို စိစစ်ဖို့လိုသလို ယစ်မျိုးဥပဒေကိုလည်း ခေတ်နှင့်အညီပြင်ဆင်ပေးဖို့ လိုပါတယ်။ အောက်လက်ကိုကြီးကြပ်တာဟာ Production ကို ကြီးကြပ်နည်းတစ်ခုဖြစ်လို့ တင်ပြရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈ အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယစ်မျိုးခွန်များစနစ်တကျ ကောက်ခံရေးအတွက် ရန်ကုန်တိုင်းအစိုးရအဖွဲ့က တင်ပြသော ယစ်မျိုးခွန်ဥပဒေကြမ်းကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က ၄-၉-၂၀၁၄ ရက်နေ့က အတည်ပြုခဲ့ပါတယ်။ ထိုဥပဒေတွင် အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့်လိုင်စင်များအပေါ် မူလကောက်ခံသည့်နှုန်းထားများမှ လေးဆကျော် တိုးမြှင့်ကောက်ခံထားသည်ကို တွေ့ရှိရပါတယ်။ ထို့အပြင် ၇-၄-၂၀၁၆ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်သွင်းသော ယစ်မျိုးခွန်ဥပဒေ ပြင်ဆင်သည့်ဥပဒေကြမ်းကို ရန်ကုန်တိုင်းလွှတ်တော်ကြီးက အတည်ပြုခဲ့ပါတယ်။ ထိုထပ်မံပြင်ဆင်ထည့်သွင်းခဲ့သော ဥပဒေ F 90 မှာ နိုင်ငံခြားအရက်များကို ဘူတာရုံ၊ လေဆိပ်၊ သင်္ဘောဆိပ်များရှိ နားနေခန်းဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် နားနေခန်းအငှားရထားသူက ကောင်တာဖွင့်၍လက်လီရောင်းချခွင့်လိုင်စင်ကို ကျပ်သိန်း ၂၀ လို့ သတ်မှတ်လိုက်ပါတယ်။ ထိုသို့ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဆောင်ရွက်သကဲ့သို့ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ယစ်မျိုးခွန်ဥပဒေများကို တိုးမြှင့်ကြီးကြပ်ရန် လုပ်ဆောင်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ တတိယအချက်အနေနဲ့တင်ပြလိုတာကတော့ ဥပဒေကြောင်းအရ အရက်ချက်စက်ရုံတွေရဲ့ တာဝန်ခံမှုဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို လေ့လာကြည့်မယ်ဆိုရင် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် အင်မတန်ကောင်းမွန်သော်လည်း ပြစ်မှုပြစ်ဒဏ်တချို့က ကိုယ်ကျိုးကြည့်စီးပွားရေးသမားများအတွက် ဂရုမစိုက်၊ လျစ်လျူရှုစရာဖြစ်ပါတယ်။ အမြတ်များစွာရနေသူများသည် ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ များကို ဂရုမစိုက်ဘဲနေကြမှာ စိုးရိမ်မိပါတယ်။ နိုင်ငံတကာမှာတော့ ယခုလိုဖြစ်ရပ်မျိုးကို တင်းတင်းကြပ်ကြပ် ပြစ်ဒဏ်ကြီးကြီးဖြင့် အရေးယူလေ့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတို့ရဲ့သဘာဝပတ်ဝန်းကျင်အပြင် တစ်နည်းအားဖြင့် ပြည်သူနှင့်သဘာဝ

**မူကြမ်း**

ပတ်ဝန်းကျင်ထိခိုက်မှုဆိုတာ အစားထိုးလို့မရလို့ဖြစ်ပါတယ်ရှင်။ ပုဒ်မ ၃၄ ရဲ့ စည်းနှောင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ အရေးယူမှုတွေကို သဘောတူလက်ခံသော်လည်း မြန်မာနိုင်ငံမှာ လက်တွေ့ကျင့်သုံးနိုင်ပါသလားဆိုတာကို စဉ်းစားစရာ ဖြစ်နေပါတယ်။ ကျွန်မသိရသလောက် ပြည်သူ၊ အစိုးရနှင့် မီဒီယာများကဘယ်လောက်ပင်တားတား ဆက်လက်လုပ်ဆောင်နေကြတဲ့ အရက်ချက်စက်ရုံများ ဒုနဲ့ဒေး ဆိုတာကို အဆိုရှင်ကလည်း တင်ပြပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ နိဂုံးချုပ်အနေနဲ့ (၁) ပြည်သူကိုထိခိုက်သော၊ (၂) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သော၊ (၃) ကမ္ဘာကိုထိခိုက်သော၊ (၄) ယခုပြည်သူ့အစိုးရသစ်ရဲ့ စီးပွားရေးမူဝါဒ အပိုဒ် ၆ ပါ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိရေးအတွက် ဦးစားပေးရန်ဖြစ်သော၊ (၅) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ဘုံသဘောတူညီချက်ဖြစ်သော Sustainable development Goals ရဲ့နံပါတ်(၆)ပါ water and sanitation နှင့် ဆန့်ကျင်သော နည်းလမ်းတကျမစွန့်ပစ်သော အရက်ချက်စက်ရုံများကို ကန့်ကွက်ပါကြောင်းတင်ပြရင်း ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုကို ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး တင်သွင်းထားတဲ့အဆိုအား စိတ်ရောကိုယ်ပါ လေးနက်စွာ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အတွေ့အကြုံများကိုမူတည်ပြီး သက်သေခံအမှတ် လက္ခဏာအဖြစ် ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်နှင့်အတူ ဒေသခံပြည်သူတို့ရဲ့ ခံစားနေရမှုဟာ မိတ္တူမဟုတ်ဘဲ မူရင်းအတိုင်း ယနေ့အထိ တွေ့ကြုံခံစားနေရလို့ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ မြို့ဦးမှာ ဘုရားစေတီမဟုတ်ဘဲ အရက်ချက်စက်ရုံကြီးတစ်ရုံရှိပါတယ်။ ဒီမြို့ဦးအရက်ချက်စက်ရုံကြီးဟာ မြန်မာပြည်မှာအကြီးဆုံးဖြစ်တဲ့ တစ်ခုတည်းသောစက်ရုံဖြစ်ပါတယ်။ စက်ရုံကတာဝန်ရှိသူတို့ရဲ့ ထွက်ဆိုချက်အရ တစ်ရက်လျှင် အရက်ဂါလန် ၁၅၀၀၀ ခန့် ထွက်ရှိတယ်လို့ဆိုပါတယ်။ ဒီအချက်ကို တိကျစွာ တိုင်းတာနိုင်တဲ့ စက်မှုနည်းစနစ်အရ စစ်ဆေးနိုင်ခြင်းတော့ မရှိပါဘူး။ တပ်ဆင်ထားခြင်း၊ တပ်ဆင်ရန်

ညွှန်ကြားထားခြင်းလည်းမရှိကြောင်း သိရပါတယ်။ တာဝန်ယူမှုနှင့် တာဝန်ခံစစ်ဆေးမှုစနစ်မရှိတဲ့အတွက် နိုင်ငံတော်သို့အခွန်ပေးဆောင်မှုဟာ အရေးပါတဲ့ဟာကွက်တစ်ခုဖြစ်နေပါတယ်။

မြန်မာပြည်တစ်ဝှမ်း စက်ရုံတိုင်းမှာ ဒီလိုစောင့်ကြည့်စစ်ဆေးတဲ့စနစ်မရှိဘူးလို့ သိရပါတယ်။ လေ့လာမှုအရ အရက်တစ်ဂါလန်ထွက်ရှိတိုင်း စွန့်ပစ်ရေဆိုး ၁၂ ဂါလန်ခွဲ ထွက်ရှိပါတယ်။ အရက်ဂါလန် ၁၅၀၀၀ အတွက် ရေဆိုးဂါလန် ၁၈၇၅၀၀ ခန့် အနည်းဆုံးနေ့စဉ်ထွက်ရှိစွန့်ပစ်နေရပါတယ်။ ဒီစက်ရုံကြီးများဟာ သူ့ရဲ့အညစ်အကြေးတွေကို စွန့်ခြင်းလေးမျိုးနှင့်စွန့်ပစ်ပါတယ်။ ရေထဲ၊ မြေထဲ၊ လေထဲ၊ လူထဲကိုစွန့်ပစ်ပါတယ်။ ရေထဲကိုစွန့်ပစ်ရာမှာ မြောင်းထဲကချောင်းထဲကိုရောက်ပါတယ်။ စက်ရုံကြီးနှင့်လေးမိုင်ခန့်ကွာတဲ့အထိ ချောင်းထဲကရေမှော်ပင်တွေအချို့သေဆုံးကြောင်း၊ အချို့နေရာမှာ ငါးများသေဆုံးကြောင်း ဒေသခံပြည်သူများက ထွက်ဆိုခဲ့ကြပါတယ်။ မြောင်းတွေကတစ်ဆင့်လယ်ကွင်းများထဲ စွန့်ပစ်ရေဆိုးများမရောက်ရန် လယ်သမားများက တမံများနှင့်ကာကွယ်ထားကြရပါတယ်။ မြေဆီလွှာများပျက်စီးပြီး စပါးပင်များကို ထိခိုက်မှာစိုး၍ဖြစ်ပါတယ်။ မြစ်ထဲကိုလည်း ပိုက်ဖြင့်စွန့်ပစ်မျှောချနေသည်လည်းရှိပါတယ်။ စွန့်ပစ်နေရာတစ်ဝိုက်မှာ ရေများဆူပွက်ပြီး အငွေ့များထွက်နေတတ်ပါတယ်။ ရေလုပ်သားများရဲ့ ငါးဖမ်းပိုက်ကွန်များဆွေးမြည့်ပြတ်တောက်ခြင်း၊ ရေလုပ်သားများရဲ့လက်မောင်းအရေပြားများ အဖြူရောင်အကွက်များ၊ အနာများကို ဖြစ်ပေါ်စေခြင်းများကိုလည်း တွေ့ရှိရပါတယ်။

မြေထဲကိုစွန့်ပစ်ရာမှာ မြေသားကန်ကြီးများပြုလုပ်ထားပြီး ထိုကန်များထဲသို့ ရေဆိုးများအဆင့်ဆင့်သိုလှောင်ဖြတ်သန်းစွန့်ပစ်ပါတယ်။ ရေဆိုးကန်များမှာကြာတော့ ရေသိုးကန်များဖြစ်လာပါတယ်။ မြေအောက်သို့လည်း ရေဆိုးရေညစ်များ စိမ့်ဝင်ပြီး မြေအောက်ရေကို ထိခိုက်စေပါတယ်။ ထိုမှ မြေအောက်ရေကို ထုတ်ယူသုံးစွဲသူများထံ ရောက်ရှိသွားပါတယ်။ ဒီစွန့်ပစ်စင်ရေ၊ ရေဆိုး၊ ရေသိုးကန်များမှ စင်ရေပုတ်နံ့များဟာ လေထဲကိုစွန့်ထုတ်ပြန်ပါတယ်။ လေတိုက်နှုန်းနှင့်အတူ မြို့ပေါ်ရပ်ကွက်များ၊ ငါးမိုင်အတွင်းရှိတဲ့ပတ်ဝန်းကျင်ကျေးရွာအုပ်စု၊ ကျေးရွာများဆီရောက်ရှိပြီး မခံရပ်နိုင်အောင် စင်ရေပုတ်နံ့များကို ခံစားရပါတယ်။ ခံစားနေရတဲ့အထဲမှာ ကျွန်တော်နှင့်အတူ ကျွန်တော်နေထိုင်တဲ့ရွာလည်း ပါပါတယ်။ ဒါကတော့ လေထဲကိုစွန့်ပစ်ခြင်းပါပဲ။ ထွက်ရှိတဲ့အရက်ဆီတွေကို ကားကြီးအသွယ်သွယ်နဲ့ သယ်ဆောင်ပြီး လူထဲကိုစွန့်ပစ်ပါတယ်။ ဒီစက်ရုံထွက်ပစ္စည်းဟာ အဆိပ်အတောက်ကင်းရဲ့လား၊ ဘေးထွက်ဆိုးကျိုး ဘယ်၍၊ ဘယ်မျှရှိသလဲ။ ဘယ်ဓာတ်ပစ္စည်းတွေ အလွန်အကဲပါဝင်ပြီး သုံးစွဲရန်သင့်၊ မသင့်တိုင်းတာခြင်းစနစ်များလည်း မတွေ့၊ မသိရဘဲ လူထဲကိုစွန့်ပစ်ပါတယ်။ ဒါဟာ

အရေးကြီးတဲ့ပြည်သူ့ကျန်းမာရေးဖြစ်ပါတယ်။ Public Policy ဖြစ်ပါတယ်။ နှုန်းစံတိုင်းထွာစစ်ဆေးမှု ပြုရမယ့်အချက်ဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရဖွဲ့စည်းပေးထားတဲ့အဖွဲ့များ၊ ပြင်ပပညာရှင်များ ပါဝင်ပြီး ကျွန်တော်တို့ဝင်ရောက်ကြည့်ရှုစစ်ဆေးခဲ့ပါတယ်။ ဒီအရက်ချက်စက်ရုံရဲ့ ငါးလတာ အခွန်ဆောင်မှုမှတ်တမ်းအရ ကျပ်သန်းပေါင်း ၁၂၄၈.၅၈ သန်း ပျမ်းမျှတစ်လ ၂၄၉၇ သိန်း ပေးဆောင် ပြီး တစ်နိုင်ငံလုံးအခွန်ဆောင်စက်ရုံများထဲမှာ အများဆုံးပေးဆောင်ထားတာဖြစ်ပါတယ်။ ဖျက်သိမ်းပြီး ဆားမလောက်စက်ရုံက ဒုတိယအများဆုံးဖြစ်ပါတယ်။

အခွန်ငွေဆိုတာ နိုင်ငံတော်ရဲ့လိုအပ်ချက်တစ်ခုဖြစ်ပါတယ်။ စက်ရုံတာဝန်ရှိသူများကလည်း မည်သည့်နည်းစနစ်နဲ့ မည်သို့ဆောင်ရွက်ရမည်ကို လမ်းညွှန်ပေးပါလို့ ဆိုပါတယ်။ ပြင်ပပညာရှင်များ ကလည်း ဒီလိုကြီးမားတဲ့စက်ရုံအတွက် နည်းလမ်းလေ့လာကြံဆတွက်ချက်ရဦးမည်ဟု ဆိုပါတယ်။ ကျွန်တော်တို့ ထိန်းကျောင်းနိုင်တဲ့ဖြစ်စဉ် တိုးတက်မှုဟာ ဒီမှာတင်ရပ်ဆိုင်းသွားပါတယ်။ ပြည်ထောင်စု အစိုးရမှ နည်းပညာအရ ထိန်းကျောင်းလမ်းညွှန်ဆောင်ရွက်ပေးမှု ပါဝင်ပါမှ ထွက်လမ်းတစ်ခုရနိုင်မှာ ဖြစ်ပါတယ်။ ရွှေထွက်တဲ့စက်ရုံဖြစ်သည့်တိုင်အောင် ကမ္ဘာမြေရဲ့ သဘာဝပတ်ဝန်းကျင်၊ ပြည်သူတို့ရဲ့ လူမှုပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်စေမယ်ဆိုရင် ထိရောက်စွာ ကန့်သတ်၊ ဟန့်တား၊ ပိတ်ပင်ရမှာ ဖြစ်ပါတယ်။ အားလုံးအတွက် ရလဒ်ကောင်းဖြစ်တဲ့ နည်းပညာမူတစ်ခု ချမှတ်ပြဋ္ဌာန်းဆောင်ရွက်ရန် အထူးလိုအပ်နေပါတယ်။ ထိုသို့ပြဋ္ဌာန်းဆောင်ရွက်ထားသော နည်းပညာအရ လုံလောက်တဲ့ သန့်စင် စနစ်တပ်ဆင်ပြီး စံချိန်စံညွှန်းနှင့်အညီ စွန့်ပစ်မှသာ မြန်မာပြည်တစ်ဝန်းမှာရှိတဲ့ စက်ရုံများကိုထုတ်လုပ် ခွင့်ပြုသင့်ပါကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာ ထောက်ခံ တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရွှေဘိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေဇင်လတ် ဖြစ်ပါတယ်။ အခု ကျွန်မက ဒီအဆိုမှာ အဆိုရှင်ကို ကျေးဇူးတင်ကြောင်း ပြောကြားရင်းနဲ့ပဲ အဆိုကို စတင်ဆွေးနွေးချင်ပါတယ်။ ပထမဆုံးအချက်အနေနဲ့ ကျွန်မတို့ ဒီအဆို သည် ပြည်သူလူထုရဲ့ကျန်းမာရေးကို တိုက်ရိုက်ကာကွယ်စောင့်ရှောက်တဲ့အဆိုဖြစ်ပြီးတော့ ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(က)ကိုလည်း လိုက်နာအားဖြည့်တဲ့အတွက်ကြောင့်မို့လို့

အဆိုရှင်ကို ကျေးဇူးတင်မိပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကျွန်မတို့ ဒီအဆိုသည် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ့်အဆိုလည်း ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်လို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅ မှာလည်း ပြဋ္ဌာန်းထား သလို ၂၀၁၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၄ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ၊ ၂၀၁၅ ခုနှစ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆိုတာတွေ က ပြဋ္ဌာန်းထားပြီးသားဖြစ်ပါတယ်ရှင့်။ ဒါပေမဲ့လည်း ကျွန်မတို့ လိုက်နာဆောင်ရွက်မှုတွေ အားနည်း နေသေးတဲ့အချိန်မှာ ဒီအဆိုဟာ တိုက်တွန်းအားဖြည့်တဲ့အတွက်ကြောင့်မို့လို့လည်း ကျွန်မ အဆိုရှင်ကို ကျေးဇူးတင်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ ကျွန်မ ရွှေဘိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အနေနဲ့ ကျေးဇူးတင်ရခြင်း ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မမြို့နယ်ဟာ အရက်ချက်စက်ရုံက စွန့်ပစ်ရေများသည်လည်း မြန်မာနိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ တခြားသောဒေသ များဟာ အရက်ချက်စက်ရုံများက စွန့်ပစ်ရေများနည်းတူပါပဲ။ ကျွန်မတို့ အန္တရာယ်ကင်းစင်အောင် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းတွေ ပြုလုပ်နိုင်ခြင်းမရှိဘဲ စွန့်ပစ်နေခဲ့တာ ကြာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီးတော့ ကျွန်မရဲ့မြို့နယ်ကို စောင့်ရှောက်နိုင်တော့မှာဖြစ်တဲ့အတွက်လည်း အဆိုရှင်ကို ကျေးဇူးတင်ရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ အခုကျေးဇူးတင်ရတဲ့အကြောင်းတရားများဟာ ကျွန်မဒီအဆိုကို ဝင်ရောက်ဆွေးနွေးရတဲ့အကြောင်းအရင်းတွေလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မအနေနဲ့ အကြောင်း အရင်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသွားဖို့မရှိဘဲနဲ့ ဒီအဆိုနှင့်ပတ်သက်ပြီး ကျွန်မတို့ အောင်မြင်စွာ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်ပြီးတော့သာ ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ဆိုလိုချင်တာက ကျွန်မတို့ ဒီကနေ့ပြည်သူ့လွှတ်တော်မှာ စွန့်ပစ်ရေကိစ္စနှင့်စပ်လျဉ်းပြီးတော့ ပြည်ထောင်စုအစိုးရကို တိုက်တွန်းဆွေးနွေးမှုတွေ ပြုလုပ်ကြပါတယ်။ ဒီ့နောက်မှာ သက်ဆိုင်ရာ ဝန်ကြီးဌာနအား နိုင်ငံတစ်ဝန်းလုံးနှင့်သက်ဆိုင်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ နိုင်ငံတစ်ခု လုံးစာ မူဝါဒတွေ၊ ရည်မှန်းချက်တွေချမှတ်ပြီးတော့ ဆောင်ရွက်ဖို့ ညွှန်ကြားပါလိမ့်မယ်ရှင့်။ ဒီနေရာက စပြီး ကျွန်မက အလေးအနက်ဆွေးနွေးချင်တာဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုအစိုးရက ချမှတ်လိုက်တဲ့ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေသည် ကျွန်မတို့ ဟိုးအောက်ခြေမှာရှိတဲ့ ပြည်သူလူထု တစ်ရပ်လုံးမှာ အကြားအလပ်မရှိ ကျွန်မတို့ သက်ရောက်ဖို့၊ အာဏာတည်မြဲဖို့ဆိုရင်တော့ ပြည်ထောင်စုအစိုးရရဲ့အင်အားတစ်ခုတည်းနဲ့ ကျွန်မတို့ ဘယ်လိုမှအောင်မြင်မှာ မဟုတ်ပါဘူး။

**မူကြမ်း**

ဆိုလိုချင်တာက ကျွန်မတို့ နိုင်ငံတစ်နိုင်ငံရဲ့အစိုးရတစ်ရပ်သည် အဲဒီနိုင်ငံမှာရှိတဲ့ ပြည်သူလူထုအတွက် အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးတစ်ပင်ဖြစ်ဖို့ဆိုရင် ကျွန်မတို့ သစ်ပင်ရဲ့ရေသောက်မြစ်တွေ ဖြစ်တဲ့ ဥပဒေပြုလွှတ်တော်တွေ၊ သစ်ပင်ရဲ့ပင်စည်ဖြစ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့တွေပဲ အင်အား ကောင်းနေရုံမျှနဲ့ မရပါဘူး။ ကျွန်မတို့ သစ်ပင်ရဲ့အကိုင်း၊ အခက်၊ အလက်၊ အရွက်တွေဟာလည်း ဝေဝေဆာဆာ၊ ဝေဝေဖြာဖြာရှိမှသာ အောင်မြင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်မပြောလိုတဲ့ သစ်ပင်ရဲ့ အကိုင်း၊ အခက်၊ အလက်၊ အရွက်တွေဆိုတာကတော့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူဝန်ထမ်းများကို ကျွန်မကဆိုလိုတာဖြစ်ပါတယ်။ ဝေဝေဆာဆာ၊ ဝေဝေဖြာဖြာဆိုတာကတော့ ကျွန်မတို့ ပြည်ထောင်စုအစိုးရကချမှတ်လိုက်တဲ့ မူဝါဒ တွေ၊ လမ်းညွှန်ချက်တွေကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဒေသအသီးသီးမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းများက အောင်အောင်မြင်မြင်လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ကြမယ့် အနေအထားကို ကျွန်မကတင်စားပြောလိုတာဖြစ်ပါတယ်။ ဒီလိုအောင်အောင်မြင်မြင် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင်လည်း ကျွန်မတို့ အရိပ်အာဝါသနှင့်တူတဲ့ ဥပဒေရဲ့အကာအကွယ်ကို ပြည်သူလူထုတစ်ရပ်လုံးက ခံစားရရှိမှာ ဖြစ်ပါ တယ်ရှင်။ ဒီလိုဆောင်ရွက်ဖို့ရာအတွက်ကလည်း ကျွန်မတို့ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၅) အုပ်ချုပ်ရေးပုဒ်မ ၂၅၆ ပုဒ်မခွဲ(ဃ) မှာ ဒီတာဝန်ကို အတိအလင်း ပြဋ္ဌာန်းထားပြီးသားလည်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့ ကိုယ်စားလှယ်များအနေနဲ့ကလည်း ထိရောက် အောင်မြင်ဖို့၊ ရေရှည်တည်တံ့ဖို့အတွက် သက်ဆိုင်တဲ့မြို့နယ်တွေမှာ ကျွန်မတို့ကလည်း စွန့်ပစ်ရေ ကိစ္စနှင့်ပတ်သက်ပြီးတော့ ဆက်လက်စောင့်ကြည့်ဖို့၊ လိုအပ်လျှင်မေးခွန်းတွေမေးကြဖို့၊ လိုအပ်လျှင် တိုင်တန်းကြဖို့တွေ လိုအပ်နေပြီဆိုတာလည်း သိနားလည်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မတို့ကလည်း ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ တစ်လက်စတည်း ကျွန်မတို့ရဲ့ ပြည်သူလူထုကို ကျွန်မအနေနဲ့ တိုက်တွန်းစည်းရုံးလိုတာလည်း ရှိပါတယ်။ အဲဒါကတော့ ကျွန်မတို့ ဒီကနေ့ ပြည်သူ့လွှတ်တော်မှာ ဒီအရက်ချက်စက်ရုံများမှထွက်ရှိတဲ့ စွန့်ပစ်ရေများကို ဥပဒေနှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ကြဖို့ အစိုးရကို တိုက်တွန်းဆွေးနွေးမှုတွေ ကျွန်မတို့ ပြုလုပ်ကြပါတယ်။ ဒီပြုလုပ်မှုရဲ့နောက်မှာ ကျွန်မတို့ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဒီကိစ္စနှင့်ပတ်သက်ပြီးတော့လည်း ဝိုင်းဝန်းစောင့်ကြည့်ပေးကြဖို့ ဖိတ်ခေါ်လိုပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်မတို့ တိုက်တွန်းစည်းရုံး လိုတာကတော့ ကျွန်မတို့ နိုင်ငံအတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံပိုင်ရှင် စီးပွားရေးလုပ်ငန်းရှင်များကို

ပဲ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီနိုင်ငံအတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံပိုင်ရှင် စီးပွားရေးလုပ်ငန်းရှင်များ သည် မိမိတို့ရဲ့စီးပွားကို ဆောင်ရွက်နေတာဖြစ်ပေမယ့်လည်း ကျွန်မတို့နိုင်ငံအတွက် ထိုက်သင့်တဲ့ အခွန်အခတွေပေးဆောင်နေတာတွေ၊ ကျွန်မတို့ ပြည်သူပြည်သားတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးနိုင်တာတွေ ဒါတွေကိုလည်း ကျွန်မတို့အနေနဲ့ လက်ခံသိမြင်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ နိုင်ငံနဲ့တစ်ဝန်းမှာ အသည်းရောင်ဘီပိုးကာကွယ်ဆေးတွေကို တစ်နိုင်ငံလုံးမှာကျွန်မတို့ လိုက်လံ ထိုးနှံလှူဒါန်းပေးနေတာတွေ၊ ကျွန်မတို့ ဇီဝိတဒါန ဆေးရုံတွေမှာ ဆေးပဒေသာပင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပေးနေတာတွေ ဒါတွေဟာလည်း ကျွန်မတို့နိုင်ငံသူနိုင်ငံသားတွေအပေါ်မှာ စေတနာ စိတ်ရှိလို့ဆိုတာကိုလည်းအကြွင်းမဲ့ ယုံကြည်ပါတယ်။ အဲဒီတော့ ကျွန်မအနေနဲ့ တိုက်တွန်းစည်းရုံးချင် တာက ကျွန်မတို့နိုင်ငံသူနိုင်ငံသားတွေအပေါ်မှာ စေတနာစိတ်ရင်းစွဲဖြစ်တဲ့ ကျွန်မတို့ရဲ့ အရက်ချက် စက်ရုံပိုင်ရှင် စီးပွားရေးလုပ်ငန်းရှင်များသည် အထက်ပါအကျိုးပြုလုပ်ငန်းတွေအပြင် မိမိတို့စက်ရုံမှ ထွက်ရှိတဲ့အရက်များကို စံချိန်စံညွှန်းနှင့်အမီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချကြရန်သာမကပဲ မိမိတို့စက်ရုံ မှထွက်ရှိတဲ့စွန့်ပစ်ရေများကိုလည်း ကျွန်မတို့ ဥပဒေနှင့်အညီ စွန့်ပစ်ကြမယ်ဆိုလို့ရှိရင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၇ဂ၊ ၃၉ဂ နှင့်အညီဖြစ်သော၊ ဥပဒေကို လေးစားလိုက်နာသော၊ နိုင်ငံကြီးသား ပီသသော စက်ရုံပိုင်ရှင်ကြီးများလည်း ဖြစ်လာပါလိမ့်မယ်လို့ တိုက်တွန်းစည်းရုံးရင်းနဲ့ ကျွန်မရဲ့ ထောက်ခံဆွေးနွေးမှုကို နိဂုံးချုပ်အပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်ရှင်။ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး တင်သွင်းထားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။ ယခုအချိန်ဟာ ကျွန်မတို့နိုင်ငံမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင် အခွင့်အလမ်းတွေရရှိ နိုင်ဖို့၊ ပြည်တွင်းထုတ်ကုန်ကို မြှင့်တင်နိုင်ဖို့အတွက် စက်မှုကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်နေရ တဲ့အချိန်ဖြစ်ပါတယ်။ သို့သော်လည်းပဲ စက်ရုံတွေ များလာတာနှင့်အမျှ စက်ရုံကစွန့်ပစ်လိုက်တဲ့အရာ တွေကြောင့် လူ၊ သတ္တဝါများနှင့် သဘာဝ ပတ်ဝန်းကျင်ကို မထိခိုက်ဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကို ထိန်းကျောင်းနိုင်စေရန်အတွက် ၂၀၁၂ ခုနှစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါ တယ်။ ဒီဥပဒေရဲ့ အခန်း(၂) ရည်ရွယ်ချက်

များရဲ့ အပိုဒ်(ဂ) ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ အကျိုးအတွက် ကောင်းမွန်ပြီး သန့်ရှင်းတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေဖို့၊ သဘာဝယဉ်ကျေးမှုအမွေ အနှစ်များကို ထိန်းသိမ်း စောင့်ရှောက်နိုင်စေဖို့လို့ ပါပါတယ်။ အခန်း(၇) အပိုဒ် ၁၄ မှာ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ် စေတဲ့သူဟာ ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေတဲ့ပစ္စည်းများကို သတ်မှတ်ထားတဲ့ ပတ်ဝန်းကျင်၊ အရည်အသွေး၊ စံချိန်စံညွှန်းများနှင့်အညီ သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမယ်လို့ အတိအလင်းပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ စက်ရုံတွေဟာ ဥပဒေတွေကို အတိအကျ လိုက်နာဖို့တော့လိုပါလိမ့်မယ်။ ယခုအချိန်မှာ စက်ရုံတွေအများစုက လိုက်နာမှုအားနည်း ပြီးတော့ အစိုးရရဲ့ထိန်းကျောင်းစိစစ်မှုတွေကလည်း လျော့နည်းနေတဲ့အတွက် သဘာဝပတ်ဝန်းကျင် ကို များစွာထိခိုက်လျက်ရှိပါတယ်။ ဒီစက်မှုလုပ်ငန်းများထဲမှာ အရက်ချက်စက်ရုံများရဲ့ ရေဆိုးစွန့်ထုတ်မှုပြဿနာကတော့ အလွန်ကြီးမားလှပါတယ်။ အဆိုရှင်တင်ပြသွားသလိုပဲ ထုတ်လုပ်တဲ့အရက်ပမာဏရဲ့ ၁၀ ဆက ၁၅ ဆအထိ စွန့်ပစ်ရေဆိုးထွက်တဲ့အတွက် ထွက်ရှိတဲ့ပမာဏများသလို ပတ်ဝန်းကျင်ကို ထိခိုက်မှုကလည်း များပြားလှပါတယ်။ ရေဆိုးမှာပါဝင်နေတဲ့ဓာတ်တွေထဲမှာ အမိုးနီးယားရဲ့အနံ့ဟာ အလွန်ပြင်းထန်လှပါတယ်။ ဒါကြောင့်မို့လို့ စက်ရုံပတ်ဝန်းကျင် လေး၊ ငါးမိုင်အတွင်းမှာရှိတဲ့ လူနဲ့ သတ္တဝါများကို အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါအမြောက်အမြားကို ဖြစ်ပွားစေပါတယ်။ ဒါ့အပြင် ကင်ဆာရောဂါများကိုလည်း ဖြစ်စေတာကို တွေ့မြင်နိုင်ရပါတယ်။ ဒီစွန့်ပစ်ရေဆိုးတွေကို မြေပေါ်ကို တိုက်ရိုက်စွန့်ပစ်ရင် မြေဆီလွှာအဆိပ်သင့်ပြီးတော့ စိုက်ပျိုးမြေများ ပျက်စီးရပါတယ်။ မြေအောက်ရေများဟာလည်း ညစ်ညမ်းပြီးတော့ သောက်သုံးရန်မသင့်ဖြစ်ကြရပါတယ်။ အများစုကတော့ သူတို့စက်ရုံအနီးအနားမှာရှိတဲ့ မြစ်၊ ချောင်းတွေအတွင်းကို တိုက်ရိုက်စွန့်ပစ်ခြင်းဖြစ်ပါတယ်။ ဒါဟာလည်း ရေသယံဇာတကို ပျက်စီးစေပြီးတော့ ငါး၊ ပုစွန်စတဲ့ရေသတ္တဝါတွေကို မျိုးတုန်းသေဆုံးစေပါတယ်။ ပြီးတော့ ချောင်း၊ မြောင်းတွေဟာ ကျွန်မတို့ရဲ့ သောက်သုံးရေရဲ့အဓိကရေအရင်းအမြစ်ဖြစ်တဲ့အတွက် သောက်သုံးရေတွေမရအောင် ညစ်ညမ်းမှုတွေကိုလည်း ဖြစ်စေပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်တဲ့ ပြည်မှာ အရက်ချက်စက်ရုံနှစ်ခုရှိပါတယ်။ တစ်ရုံကတော့ ယခုမှတည်ဆောက်ဆဲဖြစ်ပြီး ရေဆိုးသန့်စင်စက်ရုံမှာ ပါဝင်ပြီးဖြစ်တယ်လို့ သိရပါတယ်။ နောက်တစ်ခုကတော့ ၁၀ စုနှစ်ကျော် တစ်စုလောက် လည်ပတ်နေဆဲဖြစ်တဲ့ ကျားနှစ်ကောင်အရက်ချက်စက်ရုံဖြစ်ပါတယ်။ ဧရာဝတီမြစ်ထဲကိုစီးဆင်းတဲ့ လော့သော်ချောင်းအတွင်းကို ရေဆိုးကို တိုက်ရိုက်စွန့်ပစ်ပါတယ်။ ရေသန့်စင်စနစ်ရှိပေမယ့် ပြည့်စုံတိကျတဲ့ ရေဆိုးသန့်စင်စနစ် မဟုတ်တဲ့အတွက် လော့သော်ချောင်းဖြတ်သန်းစီးဆင်းတဲ့ ရှမ်းစုရွာ၊

တောင်ကုန်းရွာ၊ ချောင်းနားတန်း၊ ဥယျာဉ်စု၊ ကရင်စု၊ အောင်ဆန်းပြည်သာယာ၊ နဝင်းရပ်ကွက်တို့မှာ စက်ရုံကစွန့်ပစ်ရေဆိုးများကြောင့် အနံ့အသက်များဆိုးရွားခြင်း၊ မြစ်ရေ၊ ချောင်းရေတွေဟာ သောက်သုံးမရအောင် ညစ်ညမ်းခြင်း၊ စိုက်ပျိုးမြေများပျက်စီးပြီးတော့ သီးနှံများပျက်စီးရခြင်း၊ ငါးများ အစုလိုက်အပြုံလိုက်သေဆုံးရခြင်းတွေကို တွေ့ရပါတယ်။ ဒီလိုအန္တရာယ်တွေရှိတဲ့အတွက် ခရိုင် ကျန်းမာရေးဦးစီးဌာနမှ သုံးကြိမ်တိုင်တိုင် ယခင်က တင်ပြတိုင်ကြားခဲ့သော်လည်း အရေးယူ ဆောင်ရွက်ခဲ့ခြင်းမရှိပါဘူး။ ပြီးခဲ့တဲ့ ဇူလိုင်၊ ဩဂုတ်လအတွင်း ရေကြီးချိန်မှာတော့ ရေဆိုး စွန့်ပစ်ရေ တွေကို ချောင်းအတွင်းကို တိုက်ရိုက်စွန့်ပစ်တဲ့အတွက် ကျွန်မတို့ တိုင်းဒေသကြီးကိုယ်စားလှယ် နှစ်ဦးက တိုင်းဒေသကြီးရဲ့ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ကို တိုင်ကြားခဲ့ရပါတယ်။ ယခုတစ်ကြိမ်မှာတော့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင် ပြီးတော့ စစ်ဆေးရေးအဖွဲ့ဖွဲ့ကာ စစ်ဆေးခဲ့ပါတယ်။ ဒါပေမဲ့ အရေးယူမှုကတော့ စက်ရုံကို ခေတ္တပိတ် ထားခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒီအဖွဲ့မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဌာနအပါအဝင် ခရိုင် ကျန်းမာရေးဦးစီးဌာန၊ ငါးလုပ်ငန်းဌာန၊ မြို့နယ်စည်ပင်၊ စက်မှုကြီးကြပ်တို့ ပါဝင်ဖွဲ့စည်းခဲ့ကြပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးကလည်း ရေနဲ့မြေရဲ့ အခြေအနေ များကို လာရောက်စိစစ်ခဲ့ပါတယ်။ ကျွန်မကို Power Point အသုံးပြုခွင့်ပြုပါရှင်။

ဒီလိုစစ်ဆေးပြီးတဲ့နောက်မှာ အခုမြင်ရတာကတော့ အခုတပ်ဆင်ထားတဲ့ ရေဆိုးသန့်စင်စနစ် ဖြစ်ပါတယ်။ အခုအခါကျတော့ ဒီပိုက်လိုင်းတွေနဲ့ သူတို့ရဲ့စက်ရုံမလှမ်းမကမ်းမှာရှိတဲ့ နောက်ထပ် သူတို့ပိုင် လယ်ဧက ၁၆ ဧကခန့်မှာပေါ့နော်။ အဲဒါကို သူတို့က ကန်များတူးပြီးတော့ စွန့်ပစ်မယ်လို့ ဆိုပါတယ်။ ဒီလိုစွန့်ပစ်တဲ့အခါမှာ ဒီရေဆိုးကို ကျွန်မတို့က ၂၉-၁၁-၂၀၁၆ ဆိုတာ ဒီနေ့ပါပဲ။ ဒီနေ့က စပြီးတော့ ကျွန်မတို့က စမ်းသပ်ကာလ တစ်ပတ်ပေးမှာဖြစ်ပါတယ်။ အဲဒီစမ်းသပ်ကာလ တစ်ပတ်မှာ ထွက်လာတဲ့ သန့်စင်ပြီးရေကို ကျွန်မတို့ ပြန်လည်စစ်ဆေးရမှာဖြစ်ပါတယ်။ စစ်ဆေးပြီးတော့မှ ကျေနပ်ဖွယ်ရာအဖြေရမှသာ ဒီစက်ရုံကို ပြန်လည်လည်ပတ်ခွင့်ပြုရမှာဖြစ်ပါတယ်။ အရှေ့မှာ မရမ်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်တင်ပြသွားသလိုပဲ ကျွန်မတို့ရရှိတဲ့အခွန်ဟာ ဘာမှမပြောပလောက်ပါဘူး။ အရက်ချက်စက်ရုံတစ်ခုကရတာဟာ အခွန်ပဲ ရှိပြီးတော့ ကျွန်မတို့ရဲ့ တကယ့်အလုပ်လုပ်နိုင်တဲ့ လူငယ်လူလတ်အမျိုးသားများလည်း ကျန်းမာရေး ထိခိုက်တဲ့အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း လွန်စွာထိခိုက်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုရှင် တင်သွင်းသွားသလိုပဲ ကျွန်မတို့ဟာ ဥပဒေအတိုင်း ပြဌာန်းချက်ပါဝင်တဲ့၊ ပြည့်စုံသန့်စင်တဲ့ စံချိန်

စံညွှန်းများနှင့်အညီ ရေဆိုးကို သန့်စင်မှသာ ထုတ်လုပ်ခွင့်ပြုသင့်ပါကြောင်း အဆိုရှင်၏အဆိုအား လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးမြတ်သိန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမြတ်သိန်း ဖြစ်ပါတယ်။ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲ တင်ပြခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်အနေဖြင့် ပြည်တွင်းအရက်ချက် စက်ရုံများ၏ စွန့်ပစ်ရေဆိုးများကြောင့် သဘာဝပတ်ဝန်းကျင်ရေထု ထိခိုက်မှုများရှိနေကြောင်း ထောက်ပြဆွေးနွေးခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ သောက်သုံးနိုင်တဲ့ရေချိုဟာ အမှန်တကယ်ရှားပါး အဖိုးတန်လှပါတယ်။ ကမ္ဘာပေါ်ရှိရေထု၏ ၉၇ ရာခိုင်နှုန်းဟာ ရေငန်များဖြစ်ပြီး ကျန် ၃ ရာခိုင်နှုန်း သာလျှင် ရေချိုဖြစ်ပါတယ်။ ၎င်းရေချိုပမာဏအနက် ၂ ရာခိုင်နှုန်းဟာ အာတိတ်ရေခဲပြင်မှာ တည်ရှိနေပြီး ကျန်ရှိတဲ့ ရေချို ၁ ရာခိုင်နှုန်းရဲ့ ခုနစ်ပုံဟာ မြေအောက်ရေနှင့် သုံးပုံသာလျှင် မြေပေါ်ရေအဖြစ် သုံးစွဲနိုင်ပါတယ်။ ရရှိနိုင်တဲ့ရေကို မတန်တဆသုံးစွဲခြင်း၊ ညစ်ညမ်းစေခြင်းအားဖြင့် Water Scarcity လို့ခေါ်တဲ့ ရေရှားပါးမှုပြဿနာများကို အနာဂတ်မှာ ဆိုးရွားစွာ ကြုံတွေ့ရနိုင်ပါ တယ်။ သဘာဝရေချိုကို မိုးရွာသွန်းခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတွင်း၊ ရေကန်များနှင့် မြေအောက်ရေထုတ်ယူသုံးစွဲခြင်းတို့မှ ရရှိနိုင်ပါတယ်။ ၎င်းရေချိုကို ညစ်ညမ်းစေတဲ့ပစ္စည်းများ ကတော့ မိလ္လာအညစ်အကြေး၊ အဆီ၊ စားသုံးဆီ၊ ရေနံ၊ ဓာတ်ဆီ၊ ချောဆီအပါအဝင် ပိုးသတ်ဆေးများ၊ ဓာတ်မြေဩဇာများ၊ အက်ဆစ်၊ Chemicals(ဓာတုပစ္စည်းများ)၊ Sediments(အနယ်အနှစ်များ)၊ စက်ရုံများက စွန့်ပစ်သောရေပူ၊ စက်ရုံများကစွန့်ထုတ်တဲ့ ဆာလဖာ၊ နိုက်ထရိုဂျင်စတဲ့ ဓာတ်ငွေ့များ ဖြစ်ပါတယ်။ လူရဲ့မိလ္လာနဲ့ တိရစ္ဆာန်တို့ရဲ့အညစ်အကြေးများမှာ ပါဝင်နေတဲ့ရောဂါပိုးမွှားများ ကြောင့်လည်း ဝမ်းရောဂါကဲ့သို့ ရောဂါများဖြစ်ပွားစေနိုင်ပါတယ်။ ထွန်ယက်စိုက်ပျိုးမြေများမှ နိုက်ထရိုဂျင်နှင့် ဖော့စဖိတ်ဒြပ်ပေါင်းများဟာ ရေထဲရှိအောက်ဆီဂျင်နှင့် ဓာတ်ပြုပြီး ငါးများအတွက် လိုအပ်တဲ့အောက်ဆီဂျင်ပမာဏကို လျော့နည်းစေခြင်း၊ ရေညှိပွားများခြင်းမှတစ်ဆင့် ရေထဲရှိ

အောက်ဆီဂျင်ကို တစ်ဆင့်ရယူသုံးစွဲသဖြင့် ငါး၊ ဖား၊ သတ္တဝါငယ်လေးတွေ ရှင်သန်ဖို့ခက်ခဲစေပါတယ်။ ဒါက မတူကွဲပြားတဲ့နေရာစုံတွေက စီးဆင်းလာတဲ့ရေဆိုးတွေဖြစ်လို့ ထိန်းသိမ်းရန်၊ ထိန်းချုပ်ရန် ခက်ခဲပါတယ်။ အထက်ပါအညစ်အကြေးများကို သဘာဝအတိုင်းချေဖျက်ဖို့ဆိုရင် အောက်ဆီဂျင်လိုအပ်ပါတယ်။ ဒါပေမဲ့ စက်ရုံထွက်ပိုက်လိုင်းက စွန့်ထုတ်လိုက်တဲ့ $BOD_5$ နဲ့ COD ပမာဏများထက် ရေဆိုးတွေဟာ သဘာဝရေထုထဲကို ထပ်မံ ရောက်ရှိလာရင် မူလရေထဲမှာ ပျော်ဝင်နေတဲ့အောက်ဆီဂျင်ကို ထပ်မံလုယူသုံးစွဲလို့ ရေထုထဲမှာ အောက်ဆီဂျင်ဓာတ်လျော့နည်းကာ သက်ရှိများလည်း အသက်မရှင်နိုင်တဲ့ပတ်ဝန်းကျင်နဲ့ သောက်သုံးလို့လည်း မရနိုင်တဲ့ ရေဆိုးများကို ဖြစ်ပေါ်စေပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ ဆိုးကျိုးများကြောင့် အမေရိကန်နိုင်ငံမှာ ၁၉၇၂ ခုနှစ်ကပင် ပြည်သူထုထု၏ထောက်ခံမှုကို ရယူပြီးတော့ Clean Water Act 1972 ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး Environmental Protection Agency ကိုဖွဲ့စည်းကာ တင်ပြပါလုပ်ငန်းစဉ်များကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး ထုတ်လုပ်မှု လမ်းညွှန်းချက်များ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခဲ့ပြီး လက်ရှိ လိုက်နာကျင့်သုံးလျက်ရှိပါတယ်။ ဘီယာ၊ ဝိုင်နဲ့ အရက်ထုတ်လုပ်ခြင်းလုပ်ငန်းရဲ့ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ခြင်းမှ ကုန်ချောပစ္စည်းပေးပို့ခြင်းအထိ လိုက်နာရမယ့် စွန့်ထုတ်အရည်အဆင့် သတ်မှတ်ချက်များကို လမ်းညွှန်ချက်များရဲ့ နောက်ဆက်တွဲ(က)မှာ ဖော်ပြထားရာ သတ်မှတ် $BOD_5$ Unit 50 နဲ့ သတ်မှတ် COD Unit 250 အထိသာ ခွင့်ပြုထားပါတယ်။ ဒီလိုသတ်မှတ်ထားချက်တွေရှိပေမယ့် ၂၀၁၂ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရဲ့ မြို့တော်အတွင်း ရေဆိုးပြန်လည်သန့်စင်မှုဆန်းစစ်ချက်မှာ စက်ရုံ ၃၀၅၄ ရုံဟာ စွန့်ပစ်ရေဆိုးများကို တာဝန်မဲ့စွာ စွန့်ထုတ်ခြင်း၊ စက်ရုံ ၁၆၇ ရုံဟာ ရေဆိုးစွန့်ထုတ်မှုလမ်းညွှန်ချက်များကို လိုက်နာမှုမရှိခြင်း၊ စက်ရုံ ၃၉ ရုံသာလျှင် သတ်မှတ်စံနှုန်းများနှင့် ကိုက်ညီခဲ့ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒီလိုစစ်ဆေးတွေ့ရှိမှုများကြောင့် ကြီးကြပ်ထိန်းသိမ်းမှု (Law Enforcement) အပိုင်းနှင့် စက်ရုံများအနေဖြင့်လည်း သတ်မှတ်လမ်းညွှန်ချက်များအတိုင်း တိကျစွာလိုက်နာရေးကို ပိုမိုဆောင်ရွက်သင့်ကြောင်း ပေါ်လွင်နေပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဆိုးသန့်စင်မှုစနစ်ဟာ ကနဦးငွေကြေးကုန်ကျမှုရှိခြင်း၊ ကြီးကြပ်မှုအားနည်းခြင်းတို့ကြောင့် စက်မှုလုပ်ငန်းရှင်များက မူလစက်ရုံ

စတင်စဉ်က ထည့်သွင်းတည်ဆောက်ခဲ့မှုမရှိခြင်း၊ စက်ရုံလည်ပတ်ပြီးမှ ရေဆိုးသန့်စင်ရန် ညွှန်ကြား ချက်များရှိလာချိန်တွင်လည်း တတ်နိုင်သမျှ အဆောတလျင်ဆောင်ရွက်ခြင်းမရှိသည့်အတွက် စွန့်ပစ် ရေများကြောင့် ပတ်ဝန်းကျင်ရေထုညစ်ညမ်းမှုဖြစ်စဉ်များကို သတင်းကွန်ယက်များမှာ မကြာခဏ တွေ့မြင်နေရပါတယ်။ ဒါကြောင့် စက်မှုလုပ်ငန်းတစ်ခုစီအတွက် ရေဆိုးသန့်စင်မှုစနစ်ပုံစံများကို စနစ်တကျသတ်မှတ်ပေးပြီး စက်ရုံစတင်မလည်ပတ်မီကပင် ကနဦးတပ်ဆင်အသုံးပြုစေခြင်း၊ လုပ်ငန်း ဆောင်ရွက်ဆဲ စက်ရုံ၊ အလုပ်ရုံများအတွက် စုပေါင်းရေဆိုးသန့်စင်မှု စနစ်အသစ်များကို လုပ်ငန်းရှင် များအချိုးကျ ကျခံဆောင်ရွက်စေခြင်းများ ဆောင်ရွက်ပေးသင့်ပါတယ်။ စက်ရုံတစ်ရုံးချင်းအလိုက် ရေဆိုးသန့်စင်မှုစနစ်တပ်ဆင်ခြင်းထက် စက်မှုဇုန်အလိုက် ရေဆိုးသန့်စင်မှုစနစ်များ ဆောင်ရွက်ခြင်း ဟာ ကြီးကြပ်ထိန်းချုပ်မှုလွယ်ကူခြင်း၊ ကုန်ကျစရိတ်သက်သာမှုရှိသဖြင့် နိုင်ငံတကာမှာ အများဆုံး အသုံးပြုလျက်ရှိနေပါတယ်။ အရက်ချက်စက်ရုံများအနေဖြင့် ကုန်ကြမ်းပစ္စည်းများကို ပေါင်းခံကြို့ချက် ရတာဖြစ်လို့ စွန့်ပစ်ရေဆိုးများသာမက လေထုအတွင်းသို့ အဆိပ်အတောက်ဖြစ်စေသော မီးခိုးငွေ့များ ထုတ်လွှင့်မှုလည်းရှိမှာဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုလျှော့ချနိုင်ရန် အရက်ချက်စက်ရုံများမှာ ရေးဆိုးသန့်စင်မှုစနစ်သာမက Cyclone Effect အသုံးပြုတဲ့ မီးခိုးသန့်စင်မှုစနစ်များကိုလည်း ထည့်သွင်းအသုံးပြုသင့်ပါတယ်။ အရက်ချက်စက်ရုံများကို ကြပ်မတ်စစ်ဆေးရမယ့်ဝန်ထမ်းများ အရည်အသွေးပြည့်မီရေး၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများပြည့်စုံစေရေးနှင့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးအတွက် ဓာတ်ခွဲခန်းအသီးသီး ဖွင့်လှစ်ရေး အတွက်လည်း စီမံဆောင်ရွက်သွားသင့်ပါတယ်။ နိဂုံးချုပ်အနေဖြင့် လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့ အဆိုဟာ မြစ်၊ ချောင်းများနှင့် သဘာဝရေအရင်းအမြစ်ကို တိုက်ရိုက်ထိခိုက်မှုကြီးမားပြီးတော့ လူမှုဘဝပတ်ဝန်းကျင်ကို ဆိုးရွားစွာပျက်စီးစေနိုင်တဲ့ အရက်ချက် စက်ရုံများရဲ့ စွန့်ပစ်ရေဆိုးများ စနစ်တကျစွန့်ပစ်စေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းထားရှိ သဖြင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁၃း၀၀ နာရီမှာ အစည်းအဝေးပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၇။**

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို တစ်နာရီခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၃း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မင်း(ဇလွန်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို လေးစားစွာဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဇလွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းဖြစ်ပြီး လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့ ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့်သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါစံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဖြည့်စွက်အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဆုံး ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုသည် မြန်မာနိုင်ငံရဲ့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အထူးလိုအပ်နေသောကဏ္ဍတစ်ခုကို မီးမောင်းထိုးပြခြင်းဖြစ်တဲ့အတွက် ထောက်ခံရခြင်းပဲဖြစ်ပါတယ်။ ၁၉၅၀ ခုနှစ်ပတ်ဝန်းကျင်မှာမွေးဖွားခဲ့တဲ့ ကျွန်တော်နှင့်သက်တူရွယ်တူ ပုဂ္ဂိုလ်တွေအားလုံးဟာ ကျွန်တော်တို့ မိဘဘိုးဘွားတွေရဲ့ လက်ဆင့်ကမ်းထိန်းသိမ်းပေးမှုကြောင့် သန့်ရှင်းစင်ကြယ်တဲ့သဘာဝပတ်ဝန်းကျင်မှာ မွေးဖွားလာကြတာဖြစ်ပါတယ်။ ငယ်ငယ်တုန်းက ရွာမှာ ဆော့ကစားရင်း ချော်လဲလို့ဒူးပြဲတဲ့အခါမှာ ဘေးမှာရှိတဲ့မြေမှုန့်တွေကိုသိပ်ပြီးတော့ အနာပျောက်ကင်းခဲ့တဲ့အထိ ကျွန်တော်တို့ရဲ့ပတ်ဝန်းကျင်ဟာ သန့်ရှင်းခဲ့တာပါ။ ဒါပေမဲ့ ဒီနေ့မှာတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့မြေးမြစ်တွေအတွက် သန့်ရှင်းတဲ့သဘာဝပတ်ဝန်းကျင်ကို အမွေမပေးနိုင်တော့ပါဘူး။

ဒါ့ကြောင့် ဒီလိုအခြေအနေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဦးတည်ချက်ထားရှိ၍ ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုကို လေးနက်စွာထောက်ခံရခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယပိုင်းအနေနဲ့ ဖြည့်စွက်အကြံပြုဆွေးနွေးခြင်းဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးရှုထောင့်ကနေပြီး ဆွေးနွေးရမယ်ဆိုရင် အရက်ချက်စက်ရုံတွေကိုပဲ ရေဆိုးသန့်စင်စနစ်တပ်ဆင်စေရုံနဲ့ မြစ်၊ ချောင်းတွေကို စွန့်ပစ်နေတဲ့ ရေဆိုးတွေပပျောက်သွားမှာပါလား။ တကယ်တော့ ရေဆိုးစွန့်ပစ်တာဟာ အရက်ချက်စက်ရုံတစ်ခုတည်းမဟုတ်ပါဘူး။ ဓာတုဗေဒစက်ရုံတွေ၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းတွေ၊ ဘီယာချက်စက်ရုံတွေ၊ စက္ကူစက်၊ ဓာတ်သတ္တုရှာဖွေရေးလုပ်ငန်း၊ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်တဲ့လုပ်ငန်း၊ အအေးခန်းစက်ရုံ၊ သားသတ်ရုံ၊ မွေးမြူရေးခြံ၊ ဟိုတယ်၊ စားသောက်ဆိုင်တွေနှင့် နောက်ဆုံး ကျွန်တော်တို့ပတ်ဝန်းကျင်မှာရှိတဲ့ မုန့်ဟင်းခါးဖိုတွေကတောင်မှ ရေဆိုးထွက်ရှိတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ ဒါ့ကြောင့် စက်ရုံ၊ အလုပ်ရုံများရဲ့ ရေဆိုးသန့်စင်စနစ်တည်ဆောက်ရေးလုပ်ငန်းဟာ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဥပမာပြရရင် အဆိုရှင် ဦးအောင်ကျော်ကျော်ဦးရဲ့တင်ပြချက်ထဲမှာလည်းပါတဲ့ မန္တလေးစက်မှုဇုန်မှာရှိတဲ့ စက်ရုံ ၉၀ ကျော်ရဲ့ စွန့်ပစ်ရေဆိုးတွေကို ဒုဋ္ဌဝတီမြစ်ထဲကိုစွန့်ပစ်နေတဲ့အချက်၊ တောင်သမန်အင်းပတ်လည်မှာရှိတဲ့ စက်ရုံတွေက စွန့်ပစ်ရေကြောင့် အင်းထဲကငါးတွေသေဆုံးရတဲ့ဖြစ်စဉ်တွေကို တွေ့ရှိနိုင်ပါတယ်။ ဒါတွေဟာ အားလုံးအရက်ချက်စက်ရုံတွေမဟုတ်ပါဘူး။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်က ဆွေးနွေးတင်ပြသွားတဲ့ သဘာဝပတ်ဝန်းကျင်ရှုထောင့်ကကြည့်မယ်ဆိုရင် အရက်ချက်စက်ရုံအပါအဝင် ရေဆိုးစွန့်ထုတ်တဲ့ စက်ရုံ၊ အလုပ်ရုံအားလုံးကို သန့်စင်စနစ်တည်ဆောက်အသုံးပြုကြရမှာဖြစ်ပါတယ်။ ဒီနေရာမှာ မန္တလေးစက်မှုဇုန်ရဲ့ ရေဆိုးစွန့်ပစ်မှုနဲ့ပတ်သက်ပြီးတော့ စက်မှုဇုန်တစ်ခုလုံးအတွက် အကျုံးဝင်တဲ့ ရေဆိုးသန့်စင်စက်စနစ်တည်ဆောက်ရေးကို မန္တလေးမြို့တော်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။ ဒါဟာ စက်မှုဇုန်တွေရဲ့ရေဆိုးသန့်စင်မှုနမူနာကောင်းတစ်ခုဖြစ်ပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ရေဆိုးစွန့်ပစ်မှုပြဿနာကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ဆောင်ရွက်သင့်ပါ

ကြောင်း ဖြည့်စွက်အကြံပြုရင်း ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီနေ့ ဆွေးနွေးလိုတာ ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး တင်သွင်းသော ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့် ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ရှေ့က လွှတ်တော်ကိုယ်စားလှယ်များကလည်း စုံစုံလင်လင်ဆွေးနွေးသွားတာကိုတွေ့ရပါတယ်။ ကျွန်တော်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ယေဘုယျအားဖြင့် ဆွေးနွေး သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စက်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများမှ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများကို အန္တရာယ်ကင်းစေရန် ပြုပြင်ပြီးမှ စွန့်ပစ်ရန်လိုအပ်ပါတယ်ခင်ဗျား။ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေနှင့်ပတ်သက်ပြီး ပြစ်ဒဏ်များ ပြဋ္ဌာန်းထားသော်လည်း မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ အရက်ချက်စက်ရုံများမှာ အရက်များချက်လုပ်ရာတွင် စွန့်ပစ်ရေဆိုးများကို တစ်ရက်လျှင် ဂါလန်တစ်သန်းကျော် ထွက်ရှိနေတာကို တွေ့ရပါတယ်ခင်ဗျား။ ဒါကို ပြည့်စုံသည့် သန့်စင်စနစ်ဖြင့် သန့်စင်ခြင်းမရှိဘဲ နေ့စဉ်လိုလို မြစ်ချောင်း၊ အင်းအိုင်၊ လယ်ယာမြေ၊ မြေအောက်ရေ နှင့် ပြည်သူတွေနေထိုင်ရာ ပတ်ဝန်းကျင်များသို့ ပျံ့နှံ့ရောက်ရှိသွားစေခဲ့ပါတယ်။ ပြဋ္ဌာန်းထားတဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၏ ပြစ်ဒဏ်များသည်လည်း အရေးယူ ဆောင်ရွက်မှုနည်းပါးတဲ့အတွက်ကြောင့် ထိုစွန့်ပစ်ရေနှင့်အတူ မျောပါသွားသလားဟုပင်ထင် ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြရာမှာ အရက်ချက်စက်ရုံများ၏ စွန့်ပစ်ရေဆိုးများဟာ မြစ်ချောင်းများသို့ စွန့်ပစ်တာကြောင့် ၄ မိုင်ပတ်ချာလည်ရှိ ရေသတ္တဝါများကို မျိုးတုန်းပြီးသေစေပါတယ်။ ငါး၊ ပုစွန်တွေရှားပါးသွားရတဲ့အကြောင်းအရင်းတစ်ရပ်လည်းပဲ ဖြစ်ပါတယ်။ စွန့်ပစ်ရေဆိုးရောက်ရှိပျံ့နှံ့တဲ့မြေဟာလည်း အက်ဆစ်ဒဏ်ကြောင့် အချဉ်ပေါက်ပြီး မည်သည့်အပင်မှ စိုက်ပျိုး၍မရဘဲ ပျက်စီးသွားခဲ့ပါတယ်။ ကန်တွေတူးပြီး စွန့်ပစ်ရေဆိုးတွေကို သိုလှောင်ထားပြန်ရင်လည်း မြေအောက်သို့စိမ့်ဝင်ပြီး မြေအောက်ရေကို ပျက်စီးစေမှာအမှန်ဖြစ်ပါတယ်။ ပြည်သူတွေနဲ့နီးသော မြစ်၊ ချောင်း၊ မြောင်းတွေကို စွန့်ပစ်တဲ့အခါမှာလည်း အနံ့အသက်မကောင်းသောကြောင့် ပတ်ဝန်းကျင်ကိုညစ်ညမ်းပြီး ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေမှာလည်းပဲဖြစ်ပါတယ်။ ဒါကြောင့် အရက်ချက်စက်ရုံများမှ ထွက်ရှိသော စွန့်ပစ်ရေဆိုးများကို ပတ်ဝန်းကျင်မထိခိုက်စေရန် ဥပဒေနှင့်အညီ ပြည့်စုံသော စွန့်ပစ်ရေဆိုးများသန့်စင်သည့်စနစ် တည်ဆောက်တပ်ဆင်ပြီးမှသာ ထုတ်လုပ်ခွင့်ပေးသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးပြုလုပ်ခဲ့ပြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို လျစ်လျူရှုခဲ့သဖြင့် ယခုအချိန်မှာ တချို့သော စက်ရုံများအား ပြန်လည်ပိတ်သိမ်းနေရပြီး ရေ၊ လေ၊ မြေ၊ နေရောင်ခြည် စသော သယံဇာတတို့ ပျက်စီးဆုံးရှုံးမှုများအား ကုစားနေရတာတွေ့ရပါတယ်။ ထို့အတူ အိန္ဒိယနိုင်ငံတွင်လည်း တစ်ချိန်က စွန့်ပစ်ရေဆိုးများအား မြေကန်များဖြင့် တည်ဆောက်အသုံးပြုခွင့်ပေးခဲ့သဖြင့် မြေအောက်ရေများ ညစ်ညမ်းပျက်စီးသွားပြီး မြို့ပြကျေးရွာများပါ ပြောင်းရွှေ့ခဲ့ရပါတယ်။ ယခုအခါမှာ ယခင်ခေတ်များကဲ့သို့ မသိကျိုးကျွံပြု၍ ဆက်လက်လုပ်ဆောင်ခြင်း၊ မသိနားမလည်ချင်ယောင်ဆောင်ခြင်း စသောကိုယ်ကျိုးစီးပွားရှာ ဝိသမလောဘသားများ၊ မသမာမှုများကို စံပြုအရေးယူဆောင်ရွက်မှသာ မှန်ကန်သောထိန်းကျောင်းမှုပြုလုပ်၍ ရနိုင်မှာဖြစ်ပါတယ်။ ပြင်းထန်တဲ့ အရေးယူဆောင်ရွက်မှုမရှိပါက စွန့်ပစ်ရေဆိုးများ သန့်စင်ခြင်းစနစ်များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ယုံကြည်လို့မရပါ။ အချို့သောဥပဒေများ၏ အားနည်းချက်များကိုအသုံးချပြီး ဥပဒေချိုးဖောက်သူလုပ်ငန်းရှင်များဟာ ကိုယ်ကျိုးစီးပွားကို လုပ်ဆောင်နေတာကိုလည်း တွေ့နေရပါတယ်။ ဒါ့ကြောင့် စွန့်ပစ်ရေဆိုးများအား သန့်စင်ဖို့အတွက် နည်းစနစ်တပ်ဆင်ခြင်းလုံးဝမရှိ၊ ဥပဒေကိုမျက်ကွယ်ပြု၊ အစိုးရနှင့်ပြည်သူကို မထီမဲ့မြင်ပြုကာ တာဝန်မဲ့၊ စည်းမဲ့ကမ်းမဲ့၊ မသမာခြစား အကျင့်ပျက်ဝန်ထမ်းများ၏ အကာအကွယ်ကိုလည်းယူ စွန့်ပစ်နေသောစက်ရုံ၊ အလုပ်ရုံများ ပမာဏများပြားပြီး ပြင်းအား

**မူကြမ်း**

လည်းများကာ လူထုအကျိုးကိုထိခိုက်စေတဲ့ အရက်ချက်စက်ရုံများအား ပိတ်သိမ်းပြီး မှန်ကန်သော နည်းစနစ် အသုံးပြုတည်ဆောက်ထားသော ရေဆိုးသန့်စင်စက်ရုံများတည်ဆောက်ပြီး စံချိန်စံညွှန်းမီ စွန့်ပစ်နိုင်မှသာ လည်ပတ်ခွင့်ပေးသင့်ပါကြောင်း တင်ပြဆွေးနွေးရင်း လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး၏အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေ ဖြစ်ပါတယ်။ ဒီနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး တင်သွင်းတဲ့ ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုကို ဆွေးနွေးနေတဲ့ လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေဟာ သဘာဝပတ်ဝန်းကျင်များပျက်စီးပြီး ရာသီဥတုဖောက်ပြန်မှုတွေကြောင့် မိုးရာသီဆို ရေကြီးခြင်း၊ ရေလျှံခြင်း၊ တောင်ပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ နွေရာသီဆို ရေရှားပါးခြင်း၊ မီးလောင်ခြင်းများ ကြုံတွေ့နေရပြီး တိုင်းပြည်ရဲ့အဓိကစီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကျဆင်းရုံမျှမက လူနေမှုဘဝများရဲ့တည်ငြိမ်အေးချမ်းခြင်းကိုပါ ထိခိုက်လာနေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒီလိုကြုံတွေ့နေရခြင်းများဟာ သဘာဝပတ်ဝန်းကျင်ကို စနစ်တကျစည်းကမ်းရှိရှိ ဥပဒေမူဘောင်များနှင့် ထိန်းသိမ်းဖို့ သဘာဝတရားက တိုက်တွန်းနေသယောင်ရှိပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်မှာ ပြည်ထောင်စုတစ်ဝန်းရှိ အရက်ချက်စက်ရုံများမှ စွန့်ပစ်ရေဆိုးပမာဏသည် တစ်ရက်လျှင် ဂါလန်တစ်သန်းမှ တစ်သန်းခွဲ အထိထွက်ရှိပြီး မြစ်၊ ချောင်း၊ အင်းအိုင်၊ လယ်ယာမြေ၊ စားကျက်မြေ၊ မြေအောက်ရေနှင့် လူနေပတ်ဝန်းကျင်များသို့ ရောက်ရှိသွားကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို များစွာထိခိုက်စေနိုင်ကြောင်း၊ ဖော်ပြထားတာတွေ့ရပါတယ်။ တစ်ရက်လျှင် စွန့်ပစ်ရေဆိုးဂါလန်တစ်သန်းခွဲဆိုတဲ့ ပမာဏဟာ တစ်လ

ရက်ပေါင်း ၃၀ ဆိုရင် ဂါလန် ၄၅ သန်း၊ တစ်နှစ် ၁၂ လဆိုရင် ဂါလန်သန်းပေါင်း ၅၄၀ ဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီလောက်များပြားတဲ့ပမာဏဟာ မြေအောက်ရေများ ညစ်ညမ်းခြင်း၊ မြေဆီလွှာများ ပျက်စီးခြင်းနှင့် ရေနေသတ္တဝါများအား မျိုးသုဉ်းစေသည်ဆိုတာဟာ သေချာပါတယ်။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သော မည်သည့်အကြောင်းတရားမျိုးကိုမဆို ကာကွယ်တားဆီးဖို့၊ ထိန်းသိမ်းဖို့ လွှတ်တော်၊ အစိုးရနှင့် ပြည်သူများအားလုံးမှာ တာဝန်ရှိပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတစ်ဝန်းရှိ အရက်ချက်စက်ရုံများသည် သက်ဆိုင်ရာဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ကို ရယူပြီးမှသာ ထုတ်လုပ်ခွင့်ရတာဖြစ်သည့်အတွက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညွှန်ကြားချက်များကို လိုက်နာဖို့ တာဝန်ရှိပြီးသား ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန် တာဝန်ရှိပြီး ဖြစ်ပါတယ်။ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ခြင်းမရှိပါက လိုက်နာသည်အထိ လိုအပ်သလို အရေးယူဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုပ်ငန်းရှင်တို့အကြား အပြန်အလှန်နားလည်မှုတွေနဲ့ လာဘ်ပေးလာဘ်ယူမှုများဖြစ်ပေါ်လျက် ဥပဒေကို လက်တစ်လုံးခြားကျော်လွှားနေမည်ဆိုပါက အရက်ချက်စက်ရုံများမှ ရရှိလာမည့် အခွန်ငွေနည်းနည်းပါးပါးကို တန်ဖိုးရှိလှတဲ့ လူ့အသက်ပေါင်းများစွာနဲ့ အလဲအလှယ်လုပ်သလို ဖြစ်နေပါလိမ့်မယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လက်ရှိမြန်မာနိုင်ငံသည် အာဏာရှင်စနစ်ကို ကျောခိုင်းပြီး ဒီမိုကရေစီစနစ်သို့ ဦးတည်လျှောက်လှမ်းနေသော နိုင်ငံဖြစ်ပါတယ်။ စနစ်ဟောင်းကို အဆုံးသတ်ဖို့၊ စနစ်သစ်အကောင်အထည်ဖော်လာဖို့အတွက် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိဖို့လိုအပ်ပါတယ်။ တရားဥပဒေ စိုးမိုးမှုရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပါပြဋ္ဌာန်းချက်များကို လုပ်ငန်းရှင်များလိုက်နာဖို့ တာဝန်ရှိပါတယ်။ လုပ်ငန်းရှင်များ လိုက်နာသည်အထိ ကိုင်တွယ်ဖို့ အစိုးရမှာ တာဝန်ရှိပါတယ်။ ဒါမှသာ တရားဥပဒေစိုးမိုးမှုလည်းရှိလာမှာဖြစ်ပြီး ပြည်သူများမျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီစနစ်လည်း အောင်မြင်စွာပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး တင်သွင်းသော ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ ညွှန်ကြားချက်များနှင့် စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းလိုသည်ကတစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိလာစေရန်လည်းကောင်း ကောင်းမွန်သော စေတနာများ

ဖြင့် လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်လင်း(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော် ရဟန်းရှင်လူများကို မင်္ဂလာပါလို့ ဂါရဝတရားထားပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်ရဲ့အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီလို ထောက်ခံဆွေးနွေးတဲ့အခါမှာ ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုမှာ အပိုင်းနှစ်ပိုင်း ပါဝင်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ပထမပိုင်းဖြစ်တဲ့ ပြည်ထောင်စုတစ်ဝန်း အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ရန် အပိုင်းနှင့် ပတ်သက်ပြီးတော့ အပြည့်အဝထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပြည်သူလူထုရဲ့ ပြောဆိုချက်အရ ၂၀၁၆ ခုနှစ် ဇွန်လ လောက်ကနေစပြီးတော့ စက်မှုဇုန်(၁)မှာရှိတဲ့ အရက်ချက်စက်ရုံများကို ကျွန်တော်နဲ့ တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ်တို့ လေ့လာခဲ့ကြပါတယ်။ နောက် သာခုကနစက်မှုဇုန်မှာရှိတဲ့ ဒဂုံဘီယာစက်ရုံကိုလည်းပဲ လေ့လာခဲ့ကြပါတယ်။ အဲဒီလို လေ့လာခဲ့ပြီးတဲ့နောက်ပိုင်းမှာ ဦးအောင်ကျော်ကျော်ဦး ခေါင်းဆောင်တဲ့ ရေဆိုးများနှင့်ပတ်သက်ပြီးတော့ လေ့လာဆန်းစစ်ရေးအဖွဲ့တစ်ဖွဲ့ဟာ ရွှေပြည်သာစက်မှုဇုန်ကို ရောက်လာပါတယ်။ ဒါကြောင့်မို့လို့ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးနဲ့အတူ ကျွန်တော့်အနေနဲ့လိုက်ပါပြီးတော့ အဲဒီအခါမှာလည်းပဲ ဒီစက်ရုံများနဲ့ စက်ရုံပတ်ဝန်းကျင်က ရေဆိုးများကို လိုက်လံစစ်ဆေးခဲ့ပါတယ်။ စစ်ဆေးပြီးတော့ ဦးအောင်ကျော်ကျော်ဦးက ဒီရေဆိုးတွေနဲ့ပတ်သက်ပြီးတော့ နမူနာများကိုလည်း ရယူသွားခဲ့ပါတယ်။ ရယူသွားပြီးတော့ ထွက်ပေါ်လာတဲ့ Result ကတော့ COT, BOD, PH, နောက်တစ်ခါကျတော့ အနည်အနှစ်နဲ့ပတ်သက်တဲ့ TSS ဆိုတဲ့ စံတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စစ်ဆေးတဲ့အခါမှာ အန္တရာယ်ရှိတဲ့အနေအထားကို လုံးဝရောက်ရှိနေတယ်ဆိုတာ တွေ့ရှိရပါတယ်။ ထို့အတူပဲ အရက်ချက်စက်ရုံတွေရဲ့ပတ်ဝန်းကျင်မြောင်းတွေမှာဆိုလို့ရှိရင်လည်း ရေတွေဟာ အမြှုပ်တွေပလုံစီထွက်ပြီးတော့၊ အနံ့တွေကလည်း တစ်ထောင်းထောင်းထပြီးတော့ အန္တရာယ်ဖြစ်စေတဲ့ အနေအထားနဲ့ မြောင်းတွေကတစ်ဆင့် ချောင်းတွေကို စီးဆင်းသွားတဲ့အတွက်ကြောင့် ရေထဲမှာ

မှီတင်းနေထိုင်ကြတဲ့ ရေသတ္တဝါတွေအနေနဲ့ ဆုံးရှုံးမှုတွေ ဖြစ်ရပါတယ်။ ဒါကြောင့်မို့လို့ ဒီအနေအထားတွေကို ကျွန်တော်တို့က မျက်မြင်ဒိဋ္ဌတွေ့ရှိတဲ့အတွက်ကြောင့်မို့လို့ ပထမပိုင်းဖြစ်တဲ့ အရက်ချက်စက်ရုံများမှ ထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပေးရန် ဆိုတဲ့အဆိုကို ကျွန်တော့်အနေနဲ့ လုံးဝထောက်ခံပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရွှေပြည်သာစက်မှုဇုန်မှာဆိုလို့ရှိရင် အရက်ချက်စက်ရုံ ကိုးရုံနဲ့ ဒဂုံဘီယာစက်ရုံတစ်ရုံ စုစုပေါင်း ၁၀ ရုံတိတိ ရှိပါတယ်။ အဲဒီလို ၁၀ ရုံတိတိ ရှိတဲ့အချိန်မှာ ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပြီးတဲ့ စက်ရုံဆိုလို့ ဒဂုံဘီယာစက်ရုံတစ်ရုံပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒဂုံဘီယာစက်ရုံက တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကျွန်တော်တွေ့ရှိပြီးတော့ မေးမြန်းတဲ့အခါမှာ လက်ရှိသူတို့ ဘီယာစက်ရုံအတွက်တည်ထားတဲ့ ရေဆိုးသန့်စင်စက်ရုံဟာ အမေရိကန်ဒေါ်လာ တစ်သန်းကျော် ကုန်ကျပါတယ်။ သူတို့အချိန်အားဖြင့် ဆိုလို့ရှိရင် တည်ဆောက်တဲ့ကာလက တစ်နှစ်ခွဲကြာတယ်လို့ ကျွန်တော် တိုက်ရိုက်မေးမြန်းပြီးတော့ အချက်အလက်၊ ကိန်းဂဏန်းတွေနဲ့တကွ၊ ပုံကားချပ်တွေနဲ့တကွ သိရှိခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုသန့်စင်တဲ့စနစ်က ဒီအနေအထားရောက်မှသာလျှင် ဖြစ်မှာပါ။ အခုလက်ရှိအနေအထားမှ ဒီဘီယာစက်ရုံတစ်ရုံနဲ့ အရက်ချက်စက်ရုံကိုးရုံဟာ ရေဆိုးသန့်စင်တဲ့စနစ်တွေ မလုပ်ထားဘူးလားဆိုတော့ လုပ်ထားပါတယ်။ လုပ်ထားတဲ့အခါမှာတော့ အနည်ထိုင်တဲ့စနစ်နဲ့ ကန်တစ်ကန်ပြီးတစ်ကန် အနည်တွေကို ထိုင်စေပြီးတဲ့အခါကျမှ နောက်ဆုံးမှာ ထုတ်ပစ်တဲ့စနစ်ပါ။ ဒီစနစ်ဟာ ဆိုလို့ရှိရင် နည်းစနစ်အားဖြင့် အလွန်နိမ့်ကျပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီပြည့်စုံတဲ့ သန့်စင်စနစ် တည်ဆောက်ဖို့ကို ကျွန်တော့်အနေနဲ့ ထောက်ခံပါတယ်။

ဒါပေမဲ့ နောက်ဒုတိယပိုင်းအနေနဲ့ စံချိန်စံညွှန်းနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုမယ်ဆိုတဲ့အခါကျတော့ စံချိန်စံညွှန်းနဲ့အညီ စွန့်ပစ်ဖို့က အခုနက ရေဆိုးသန့်စင်စက်ရုံတည်ရပါမယ်။ အရက်ချက်စက်ရုံတွေဟာ ဘီယာစက်ရုံထက်ကို ကုန်ကျငွေဟာ နှစ်ဆ၊ သုံးဆ ရှိပါတယ်။ အမေရိကန်ဒေါ်လာ နှစ်သန်း၊ သုံးသန်းလောက်ရှိတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ရွှေပြည်သာမှာရှိတဲ့ စက်ရုံတွေအနေနဲ့ မြေနေရာအကျယ်အဝန်းလည်း လိုတဲ့အတွက်ကြောင့် ရေဆိုးတွေအားလုံးလုပ်နိုင်တဲ့နေရာတစ်ခုကို ဗဟိုထားပြီးတဲ့အခါမှာကျတော့ အဲဒီမှာ ရေဆိုးသန့်စင်စက်ရုံတည်ဖို့ ပြင်သစ်က စက်ရုံပညာရှင်တွေ၊ သီလဝါမှာရှိတဲ့ ရေဆိုးသန့်စင်စက်ရုံတွေမှာ တိုင်ပင်ပြီးတော့ လုပ်ဆောင်နေတာကို တွေ့ရှိရပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော့်အနေနဲ့တစ်ခါတည်း အဆိုမှာပါတဲ့အတိုင်း ဒီဟာတွေကို စက်ရုံတွေကို ပိတ်မပစ်ဘဲနဲ့ ထားသင့်ပါတယ်။ ပိတ်ပစ်မယ်ဆိုလို့ရှိရင် ဆိုးကျိုးတွေဖြစ်

လာနိုင်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ကြံတောင်သူတစ်သိန်းကျော်ရှိပါတယ်။ ဒီတစ်သိန်းကျော် ကနေပြီးတော့ တင်လဲရည်တွေကို ရောင်းချပြီးတဲ့အခါမှာ ဒီတင်လဲရည်တွေဟာ တစ်နှစ်ကို ကျပ်ဘီလီယံသန်း ၈၀ အထိ ဝင်ငွေရှိပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားတွေအနေနဲ့ လည်း ချက်ချင်းပိတ်မယ်ဆိုရင် ဒုက္ခရောက်သွားမယ်။ ဒီအရက်ချက်စက်ရုံတွေထဲမှာရှိတဲ့ လုပ်သား တွေဟာလည်းပဲ အရက်ချက်စက်ရုံတည်နေတဲ့ နှစ်နှစ်လောက်အတွင်းမှာ အလုပ်လက်မဲ့ဖြစ်သွား မယ်။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်လို့ တစ်ခါတည်း မပိတ်ပစ်ဘဲနဲ့ အချိန်အတိုင်းအတာတစ်ခုထိ ပေးပြီးတော့ ဒီနေရာမှာ စဉ်းစားသင့်ပါတယ်လို့ အကြံပြုဆွေးနွေးရင်းနဲ့ ဦးအောင်ကျော်ကျော်ဦးရဲ့ အဆိုကို ထောက်ခံအကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ထူးမြင့်(အောင်လံမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ အောင်လံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးတင်သွင်းတဲ့အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးအောင်ကျော်ကျော်ဦးရဲ့ အဆိုတင်သွင်းစဉ်က အရက်ချက်စက်ရုံများရဲ့ နေ့စဉ်ထုတ်လုပ်မှုပမာဏ ထွက်ရှိဖို့အတွက် ထုတ်လုပ်မှုနည်းစဉ်အရ ထွက်ရှိလာတဲ့ စွန့်ပစ်ရေပမာဏ ဂါလန်တစ်သန်းခန့် ရှိပါတယ်။ နေ့စဉ်ထွက်ရှိနေကြောင်းနဲ့ စွန့်ပစ်ရေများကို သန့်စင်မှုမပြုဘဲ နီးရာမြစ်၊ ချောင်းများ အတွင်းမှာ တိုက်ရိုက်စွန့်ပစ်နေကြောင်းနဲ့ ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်ထိခိုက်မှု၊ စွန့်ပစ် မြစ်ချောင်းများအတွင်းရှိ ရေထုပျက်စီးမှု၊ ငါး၊ ပုစွန်အစရှိတဲ့ ရေသတ္တဝါများပျက်စီးမှု၊ စက်ရုံဝန်းကျင်ရှိ ပြည်သူပြည်သားများအနေဖြင့် ကျန်းမာရေးနဲ့မညီညွတ်တဲ့ အနံ့အသက်ဆိုးများကို ရှူရှိုက်ရခြင်း၊ လေထုညစ်ညမ်းမှုဆိုးကျိုး၊ စွန့်ပစ်ရေစီးဆင်းသည့် မြစ်ချောင်းများမှရေကို သောက်ရေသုံးရေအဖြစ် အသုံးပြုနေရခြင်း၊ ရေထုညစ်ညမ်းမှုဆိုးကျိုးတို့ကြောင့် ပြည်သူလူထုရဲ့ကျန်းမာရေးနှင့် အသက် ရှင်သန်ရေးကို တိုက်ရိုက်ထိခိုက်ပျက်စီးဆုံးရှုံးနေတာတွေနဲ့ပတ်သက်လို့ ဒေသအချက်အလက်ပြည့်စုံ အောင်တင်ပြထားတာ တွေ့ရှိရပါတယ်။ အဓိကအားဖြင့် လက်ရှိယစ်မျိုးဥပဒေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေများအရ စွန့်ပစ်ရေဆိုးများကို သန့်စင်ပြီးမှ စွန့်ပစ်ရန်၊ ဥပဒေများ ပြဋ္ဌာန်း

သတ်မှတ်ထားကြောင်းကိုလည်း အဓိကထားတင်ပြထားတာကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဖြည့်စွက်တင်ပြလိုတာကတော့ အရက်ချက်စက်ရုံ တည်ဆောက်ခွင့်နှင့်ပတ်သက်ပြီး စက်ရုံတည်ထောင်ခွင့်၊ ထုတ်လုပ်ခွင့်လိုင်စင်ကို မြန်မာနိုင်ငံယစ်မျိုး နည်းဥပဒေ ၅၆၊ ၅၇၊ ၁၂၈၊ ၁၂၉ တို့နှင့်အညီ လိုက်နာရမည်ဟုလည်းကောင်း၊ အရက်ချက်စက်ရုံအတွက် လိုအပ်ချက်နဲ့ဆောင်ရွက်ရမယ့်တာဝန်ပိုင်းကို ယစ်မျိုးနည်းဥပဒေ ၆၂ မှ ၆၄ အထိ ၇၉၊ ၈၈၊ ၉၁ မှ ၉၇ အထိ ၁၀၀၊ ၁၀၂၊ ၁၁၃၊ ၁၁၄၊ ၁၃၆၊ ၁၃၇၊ ၁၃၉၊ ၁၄၆ တို့ဖြင့် ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အရက်ချက်စက်ရုံတည်ဆောက်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်လိုင်စင်များ ထုတ်ပေးရာမှာ တည်ဆဲယစ်မျိုးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေများအရ တိတိကျကျစစ်ဆေးပြီးမှ ခွင့်ပြုသင့်တဲ့အတွက် ဒီအဆိုကို ထောက်ခံရခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အောင်လံမြို့နယ်မှာရှိခဲ့တဲ့ အရက်ချက်စက်ရုံဟာ လူနေရပ်ကွက်၊ နေအိမ်များနဲ့ စည်းရိုးချင်းဆက်အလွန်နီးကပ်စွာရှိတာရယ်၊ အနံ့အသက်နှင့် စွန့်ပစ်ရေဆိုးများကြောင့် မီးဘေးအန္တရာယ်နှင့် ကျန်းမာရေးထိခိုက်မှုဆိုးကျိုးများကို မခံစားနိုင်လို့ ပြည်သူများက တင်ပြတဲ့အတွက် ယခုနှစ်အတွင်းမှာ တိုင်းဒေသကြီးလွှတ်တော်မှ လေ့လာစုံစမ်းဆွေးနွေးဆုံးဖြတ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တိုက်တွန်းခဲ့လို့ ဥပဒေနှင့်အညီ စက်ရုံပိတ်သိမ်းရန်ဆောင်ရွက်ပေးခဲ့တဲ့အတွက် နှစ်ပေါင်းများစွာ ခံစားခဲ့ရတဲ့ဆိုးကျိုးအန္တရာယ်များမှ လွတ်ကင်းပြီး ကျွန်တော်တို့ အောင်လံမြို့နယ်မှာရှိတဲ့ ပြည်သူပြည်သားများ စိတ်ချမ်းသာပျော်ရွှင်ခဲ့ရတာဟာ လက်တွေ့ဖြစ်တဲ့အတွက် အခုလို ဦးအောင်ကျော်ကျော်ဦးမှ လွှတ်တော်ကနေပြီးတော့ ဆွေးနွေးတိုက်တွန်း အစိုးရမှကြပ်မတ်ဆောင်ရွက်ခြင်းကိစ္စကို အလေးအနက် ကျွန်တော့်အနေနဲ့ ထောက်ခံပေးရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော်တို့ ဒီလိုအရက်ချက်စက်ရုံအများစုဟာဆိုလို့ရှိရင် ကျွန်တော်တို့ SME အဆင့်စက်ရုံများဖြစ်ပါတယ်။ ဒီလိုပိတ်သိမ်းခံရတဲ့သူများကနေပြီးတော့ အမြင်တစ်မျိုးနဲ့ ရှုမြင်သုံးသပ်ကြတဲ့ကိစ္စတွေရှိပါတယ်။ ဒါဟာဘာလဲလို့ဆိုလို့ရှိရင် လက်ရှိ ကျွန်တော်တို့ကျင့်သုံးနေတဲ့ SME လုပ်ငန်းများကို အားပေးရမယ်ဆိုတဲ့ကိစ္စမှာ အခုလို ကျွန်တော်တို့က ဥပဒေနှင့်မညီလို့ ပိတ်သိမ်းခြင်းအပေါ်မှာ မတူတဲ့ အယူအဆတွေနဲ့ တင်ပြလာတာတွေရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် ဒါကြောင့်မို့လို့ ကြုံကြိုက်တုန်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံလွတ်လပ်ရေးရကာစက အုပ်ချုပ်ခဲ့တဲ့ ဖဆပလအစိုးရ ဝန်ကြီးတစ်ဦးရဲ့ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များကို အားပေးချင်လို့ ပြည်တွင်းလုပ်ငန်းရှင်များ နိုင်ငံခြားကနေ တင်သွင်းလာတဲ့သွင်းကုန်များအပေါ်မှာ အမှန်ကောက်ခံရမယ့် အခွန်ငွေများအနက်က သိန်း ၄၀ လျှော့ပေါ့ပြီးတော့

ပြည်တွင်းလုပ်ငန်းရှင်တွေကို ဥပဒေနှင့်မညီ ကူညီခဲ့တဲ့အတွက် ၎င်းဝန်ကြီးကို သတင်းစာများက ဝေဖန်တဲ့အတွက် ဝန်ကြီးရာထူးကနေ နုတ်ထွက်ပေးခဲ့ရတာရှိပါတယ်။ အဲဒါ အားလုံးလွှတ်တော် ကိုယ်စားလှယ်ကြီးများ သိပြီးဖြစ်တဲ့ သိန်း ၄၀ ကို ထင်ရှားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လွှတ်တော်နှင့်အစိုးရအဖွဲ့အနေနဲ့ အထက်ပါ ကဲ့သို့ ဥပဒေနှင့်မညီတဲ့ ခွင့်ပြုမှုမျိုးမပြုမိစေဖို့နဲ့ ဥပဒေနှင့် ညီညွတ်ပြီးတော့ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထုကို မထိခိုက်တဲ့၊ ဥပဒေနှင့်ညီတဲ့ စက်ရုံများ ပေါ်ပေါက်လာစေရေးကို ဦးတည်ပြီးတော့ တင်ပြရတာဖြစ်လို့ အမှန်တကယ်လိုအပ်ပါသဖြင့် ဦးအောင်ကျော်ကျော်ဦးရဲ့အဆိုကို လေးလေး နက်နက်ထောက်ခံကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုရှင် ဦးအောင်ကျော်ကျော်ဦး တင်သွင်းတဲ့အဆိုကို တရားဥပဒေစိုးမိုးရေးရှုထောင့်က ထောက်ခံပြီးတော့ အပြုသဘောနဲ့ ဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုရှင်က ပြည်ထောင်စုတစ်ဝှမ်းလုံး အရက်ချက်စက်ရုံများမှထွက်ရှိသည့် စွန့်ပစ်ရေဆိုးများအား ပြည့်စုံသည့် သန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပါပြဋ္ဌာန်းချက် စံချိန်စံညွှန်းများနှင့်အညီ စွန့်ပစ်မှသာ ထုတ်လုပ်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းထားပါတယ်။ ဒီစက်ရုံ တွေက စွန့်ပစ်လိုက်တဲ့ Waste Water တွေဟာ အန္တရာယ်ရှိတယ်ဆိုတာ သိရပေမဲ့ ဘယ်လောက် အတိုင်းအထိ အန္တရာယ်ရှိတယ်ဆိုတာတော့ ကျွန်တော်က ပညာရှင်တစ်ဦးမဟုတ်တဲ့အတွက်ကြောင့် မသိပါဘူး။ အဆိုရှင်ရဲ့တင်ပြချက်အရ အရက်ချက်စက်ရုံတွေက စွန့်ပစ်လိုက်တဲ့ရေဆိုးများ မြစ်၊ ချောင်းများသို့ စွန့်ပစ်တာကြောင့် လေးမိုင်ပတ်လည်ရှိ ရေသတ္တဝါအားလုံးကို သေစေတယ်။ မျိုးတုံး စေတယ်။ စွန့်ပစ်ရေဆိုးရောက်ရှိပျံ့နှံ့နေတဲ့ မြေဟာ အက်ဆစ်ဓာတ်ကြောင့် အချဉ်ပေါက်ပြီး ဘာအပင် မှ ပေါက်ရောက်ရှင်သန်ခြင်းမရှိတော့ဘူးဆိုတာတွေ သိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြ တဲ့ Waste Water တွေဟာ စက်ရုံတွေက ထွက်လာတဲ့ Industrial outer Waste ဖြစ်ကြပါတယ်။ ဘယ်စက်ရုံ၊ ဘယ်လုပ်ငန်းကိုပဲလုပ်လုပ် လုပ်ငန်းရှင်တွေဟာ သူတို့ရဲ့အကျိုးအမြတ်ကို ရည်ရွယ်ပြီး

တော့ လုပ်ကိုင်ကြတယ်ဆိုတာ အကုန်လုံးသိပါတယ်။ ဘယ်လုပ်ငန်းပဲဖြစ်ဖြစ် လုပ်ကိုင်တယ်ဆိုရင် သတ်မှတ်ထားတဲ့ စည်းမျဉ်း၊ စည်းကမ်းတွေရှိပါတယ်။ အဆိုရှင်က လုပ်ငန်းတွေကို လုပ်ကိုင်တဲ့အခါ မှာ ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းနှင့်အညီ လုပ်ကိုင်မှသာလျှင် ထုတ်လုပ်ခွင့်ပြုဖို့အတွက် ပြည်ထောင်စုအစိုးရကို တိုက်တွန်းထားတာ တွေ့ရပါတယ်။ ဒါက လုပ်ငန်းခွင့်ပြုတဲ့အပိုင်းလောက်ကို ဖော်ပြထားတာပဲဖြစ်ပါတယ်။ ကျွန်တော့်အရှေ့ကဆွေးနွေးကြတဲ့ ဦးဘုန်းမြင့်အောင်၊ ဦးမြင့်ဝေ တို့က လည်း ဥပဒေလေးစားလိုက်နာမှု လိုအပ်တယ်ဆိုတာကို ထောက်ပြဆွေးနွေးသွားကြပြီးဖြစ်ပါတယ်။ အခုနိုင်ငံတော်မှာ ပြည်သူတွေကြုံတွေ့နေရတာက စာရွက်ပေါ်မှာရေးသားထားတဲ့ အကြောင်းအရာ တွေနဲ့ မြေပြင်မှာဖြစ်ပေါ်နေတဲ့ အချက်အလက်တွေ ကိုက်ညီမှုမရှိတဲ့အတွက်ကြောင့် နစ်နာမှုတွေ ဖြစ်ပါတယ်။ ဒီကိစ္စမှာလည်း စံချိန်စံညွှန်းနဲ့ ကိုက်ညီတယ်ဆိုပြီး စာရွက်နဲ့ ခွင့်ပြုလိုက်ရုံလောက်နဲ့ မလုံ လောက်ပါဘူး။ ဥပဒေပြဋ္ဌာန်းချက်တွေကို မလိုက်နာဘဲ လုပ်ကိုင်နေကြတဲ့ လုပ်ငန်းရှင်တွေကို ဥပဒေနဲ့ အညီ အရေးယူဖို့ အထူးလိုအပ်လျက်ရှိတယ်ဆိုတာကိုလည်း အကြံပြုဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြတဲ့ ဆိုးကျိုးသက်ရောက်မှု ကင်းဝေးစေဖို့ စက်ရုံတွေမှာ Waste Water Treatment Plan တည်ဆောက်တပ်ဆင်ရုံနဲ့ မလုံလောက်ဘူးဆိုတာ ပြောပြ လိုပါတယ်။ ကျွန်တော့်မိတ်ဆွေ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးပြောပြချက်အရ သိရှိခဲ့ရတာတစ်ခုရှိပါ တယ်။ စွန့်ပစ်ရေဆိုးတွေကို Waste Water Treatment Plan စနစ်နဲ့ သန့်စင်လိုက်လို့ရှိရင် သန့်စင် တဲ့ရေဟာ ရေကောင်းပြန်ဖြစ်လာပြီးတော့ အသုံးပြုနိုင်တဲ့အဆင့်အထိ ရရှိတယ်ဆိုတာကို သိရပါတယ်။ လုပ်ငန်းရှင်တွေက Waste Water Treatment Plan ကို တပ်ဆင်ပြီးပြီဆိုပြီး မြေပြင်မှာလက်တွေ့ မလုပ်ကြတဲ့အခါ ဒီလိုဥပဒေနဲ့ မညီတဲ့အလုပ်ကိုလုပ်လို့ရှိရင် ထိရောက်တဲ့အရေးယူမှုတွေလုပ်ဖို့ လိုအပ်ပါတယ်။ ပြောလိုတာကတော့ ထိရောက်တဲ့အရေးယူမှုကိုမလုပ်ကြရင်တော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေပဲဖြစ်ဖြစ်၊ ဘယ်သူတွေပဲဖြစ်ဖြစ်၊ မီဒီယာသမားတွေပဲဖြစ်ဖြစ် ဘယ်လောက်ထိ အော်ကြီးဟစ်ကျယ်ပြောနေကြပေမဲ့လည်း ပြည်သူတွေအတွက် ထိရောက်မှုတွေ မဖြစ်နိုင်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကြုံကြိုက်လို့ တစ်ခုတင်ပြလိုတာရှိပါတယ်။ ကျွန်တော်တို့ ကျောက်ဖြူမြို့ဟာ မြို့နဲ့ခုနစ်မိုင်လောက်ဝေးတဲ့နေရာမှာ သဘာဝဓာတ်ငွေ့သန့်စင်စက်ရုံ ရှိပါတယ်။ ဒီသန့်စင်စက်ရုံရဲ့အနီးမှာ ကျေးရွာတွေရှိပါတယ်။ သန့်စင်စက်ရုံတည်ဆောက်စတုန်းကတော့ မစင် စွန့်တာကအစ ဒေသခံတွေ ဒုက္ခအများကြီးရောက်ခဲ့ကြပါတယ်။ ဒီသန့်စင်စက်ရုံက အခု စွန့်ပစ်ရေ တွေကို ပင်လယ်ထဲကို စွန့်ပစ်ပါတယ်။ မိုင်ဝက်ကျော်ကျော်လောက်ရှည်တဲ့ ရေမြောင်းနဲ့ သွယ်ပြီးတော့

ပင်လယ်ထဲကို စွန့်ပစ်တယ်။ ပင်လယ်နားကိုရောက်ခါနီးတဲ့အခါ ပေ ၄၀၀ လောက်ရှည်တဲ့ ပိုက်လုံး ထဲထည့်ပြီးတော့ စွန့်ချလိုက်တယ်။ စွန့်ပစ်တဲ့အချိန်ကလည်း မနက်လေးနာရီလောက်မှာပဲ စွန့်ပစ်တယ်ဆိုတာ ဒေသခံတွေပြောပြချက်အရ သိရပါတယ်။ ပြီးခဲ့တဲ့ သုံးနှစ်လောက်က ကျွန်တော် ဒေသခံတွေရဲ့ပြောပြချက်အရ ဒီလိုမနက်အစောကြီးမှာ လယ်ယာလုပ်ငန်းခွင်တွေကိုသွားတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးသုံးယောက်ဟာ ရှေ့ဆင့်နောက်ဆင့်ဆိုပဲ ကိုယ်ဝန်ပျက်ကျတဲ့အဆင့်ရယ်၊ သောက်ရေ၊ သုံးရေတွေ မသန့်ရှင်းတဲ့ကိစ္စရယ်၊ ပင်လယ်ထဲမှာ ငါး၊ ပုစွန်တွေသေတဲ့ကိစ္စတွေကို ကျွန်တော် လွှတ်တော်ကတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို မေးတယ်။ မေးတဲ့အခါ ဝန်ကြီးဌာနက ဝတ်ကျေတန်းကျေပဲ ဖြေကြတယ်။ အဲဒီလို အဖြေမျိုးမဖြစ်အောင် ကျွန်တော်တို့အခု ဒီအဆိုကို လွှတ်တော်မှာ ဆွေးနွေးပြီးတဲ့အခါ သက်ဆိုင်ရာတာဝန်ရှိအစိုးရအဖွဲ့၊ ဝန်ကြီးဌာနတွေကလည်း ဥပဒေချိုးဖောက်လာလို့ရှိရင် ဘယ်လုပ်ငန်းရှင်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်ဖို့ လိုအပ်ပါတယ်ဆိုတဲ့အကြောင်းကို ဖြည့်စွက်ဆွေးနွေးရင်း ထောက်ခံကြောင်းပြောပြနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအဆိုနှင့်ပတ်သက်ပြီး အဆိုရှင် ဦးအောင်ကျော်ကျော်ဦး အပါအဝင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ၁၁ ဦးရဲ့ ဆွေးနွေးချက်တွေဟာ များစွာပြည့်စုံကောင်းမွန်တဲ့ဆွေးနွေးချက်များ၊ အကြံပြုချက်များဖြစ်တဲ့အတွက် ကျွန်တော်တို့ လက်တွေ့စစ်ဆေး

ကြပ်မတ်မှုလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ ဒီဆွေးနွေးချက်တွေအပေါ်မှာ အလေးအနက်ထား မှတ်သား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစွာတင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ ယစ်မျိုးစီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ ၁၉၁၇ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးအက်ဥပဒေ၊ ၁၉၂၈ ခုနှစ်၊ မြန်မာနိုင်ငံယစ်မျိုးနည်းဥပဒေများနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် ယစ်မျိုးအစီအစဉ်များ ခွင့်ပြုချထားရာမှာ ယစ်မျိုးမူဝါဒနှင့်အညီ တစ်နှစ်နှင့်တစ်နှစ် လျှော့ချခွင့်ပြုလျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် ၂၀၁၁ ခုနှစ်မှာ D-1 အရက်ချက်စက်ရုံလိုင်စင် ၇၉ ခုရှိခဲ့ရာမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၇၂ ခုသာ ကျွန်တော်တို့ လျှော့ချခွင့်ပြုခဲ့ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာလည်း စက်ရုံခွင့်ပြုမှု ၇၂ ခုသာ ကျန်ရှိကြောင်း တင်ပြအပ်ပါတယ်။ ခွင့်ပြုချထားပေးထားတဲ့ အရက်ချက်စက်ရုံတွေဟာ သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးဦးဆောင်တဲ့အဖွဲ့နဲ့ လေးလတစ်ကြိမ် စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ စစ်ဆေးခဲ့ရာမှာ D-1 ယစ်မျိုးလိုင်စင် ၇၂ ခုအနက်မှ ၄၁ ခုသာ စက်ရုံလည်ပတ်လျက်ရှိပြီးတော့ ကျန်သော ၃၁ ခုမှာ စက်ရုံနှင့်ပတ်သက်တဲ့ ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ဖို့အတွက် ခေတ္တရပ်တန့်ထားကြောင်းလည်း စိစစ်တွေ့ရှိပါတယ်။ လည်ပတ်လျက်ရှိတဲ့ အရက်ချက်စက်ရုံ ၄၁ ရုံအနက် စက်ရုံ ၈ ရုံဟာ စွန့်ပစ်ရေတွေကို Biological Treatment စနစ်ဖြင့် ဆောင်ရွက်နိုင်သော်လည်းပဲ ကျန်သောစက်ရုံ ၃၃ ရုံဟာ စွန့်ပစ်ရေတွေနဲ့ပတ်သက်ပြီး သာမန် Treatment စနစ်နဲ့ပဲ ဆောင်ရွက်လျက်ရှိကြောင်းလည်း စစ်ဆေးတွေ့ရှိရပါတယ်။ D-1 အရက်ချက်စက်ရုံ လိုင်စင်တွေကို ၂၀၀၅ ခုနှစ်မှာ ၁၃၂ ခု၊ ၂၀၀၆ ခုနှစ်မှာ ၁၂၅ ခုခွင့်ပြုခဲ့ရာမှနေပြီးတော့ ၂၀၁၁ ခုနှစ်မှာ ၇၉ ခုအထိ လျှော့ချခဲ့ပါတယ်။ အရက်ချက်စက်ရုံများနှင့်ပတ်သက်လို့လည်း ၂၀၁၀ ခုနှစ် ဝန်ကြီးချုပ်ရုံးရဲ့ ညွှန်ကြားချက်နဲ့ အရက်ချက်စက်ရုံများ နေရာပြောင်းရွှေ့ခြင်း၊ တိုးချဲ့ခြင်းကို ခွင့်မပြုရန် လမ်းညွှန်ထားခဲ့တဲ့အတွက် အရက်ချက်စက်ရုံအသစ်များ ထပ်မံခွင့်ပြုခဲ့ခြင်းမရှိဘဲနဲ့ ယခင်လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများကိုသာ လိုင်စင်သက်တမ်းတိုးခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉ ဖြင့်ပြဋ္ဌာန်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေကိုလည်း ၂၀၁၄ ခုနှစ်မှာ ထုတ်ပြန်ထားရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၆၁၅/၂၀၁၅)ဖြင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်

ချက်ကိုလည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ်(၆၁၆/၂၀၁၅)ဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်ခဲ့ပြီးလည်း ဖြစ်ပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့တဲ့ အမိန့်ကြော်ငြာစာအမှတ်(၆၁၅/၂၀၁၅)အရ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးလမ်းညွှန်ချက်ပါ ပြဋ္ဌာန်းချက်များအနက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်တဲ့ဘီယာနှင့် အရက်ချက်လုပ်ငန်းများအတွက် စွန့်ထုတ်အရည်အဆင့်သတ်မှတ်ချက်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းမှာဖော်ပြထားတဲ့ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း(IEE) သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း(EIA) ဆောင်ရွက်ရန်လိုအပ်တဲ့ စီမံကိန်းအမျိုးအစားများနှင့် အရွယ်အစားများ သတ်မှတ်ချက်ဇယားပါ အရက်၊ ဝိုင်၊ ဘီယာထုတ်လုပ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကိုလည်း သိရှိလိုက်နာဆောင်ရွက်နိုင်ဖို့အတွက် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့လည်း ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ အကြောင်းကြားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှစပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာတဲ့ စက်ရုံများအပါအဝင် စက်မှုလုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်းပြီး ထုတ်ပြန်ထားတဲ့ ပတ်ဝန်းကျင်ထိန်သိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ အမျိုးသားပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများနှင့် လိုက်နာဆောင်ရွက်ချက်များကိုလည်း စစ်ဆေးပြီး သဘောထားမှတ်ချက်များ ပြန်ကြားပေးလျက်ရှိပါတယ်။

ယခုတည်ရှိနေတဲ့ စက်ရုံအများစုဟာ အသစ်တည်ဆောက်ခြင်းမဟုတ်ဘဲ ယခင်စက်ရုံများကိုသာ အဆင့်ဆင့်မွမ်းမံပြင်ဆင်လာခြင်းဖြစ်တဲ့အတွက် စက်ရုံများရဲ့ အရည်အသွေးနှင့် စွန့်ပစ်ရေဆိုးထုတ်လွှတ်မှုအခြေအနေဟာလည်း ယခုခေတ်ကာလ သတ်မှတ်ချက်စံချိန်စံညွှန်းများထက် နိမ့်ကျမှုများရှိကြောင်း သိရှိရပါတယ်။ စက်ရုံများမှာ မူလတည်ဆောက်စဉ်က လူနေအိမ်ခြေများနှင့်အလှမ်းကွာဝေးခဲ့ပေမဲ့လည်း ယခုအခါ မြို့ပြများ စည်ပင်ဖွံ့ဖြိုးလာမှုအရ လူနေရပ်ကွက်များနှင့်နီးကပ်မှုများလည်း ရှိလာကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၁၅ တို့အရ ၎င်းဥပဒေမပြဋ္ဌာန်းမီက တည်ဆောက်ပြီးစက်ရုံတွေဟာ EMP ရေးဆွဲရမည်ဖြစ်သောကြောင့် လက်ရှိအရက်ချက်စက်ရုံအားလုံးကို EMP ရေးဆွဲရန် စက်မှုဝန်ကြီးဌာနမှ

ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ ယင်းလိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ရာမှာ အချိန်ကာလတစ်ခုယူရန် လိုအပ်မှာဖြစ်ပြီး သက်ဆိုင်ရာစက်ရုံများမှလည်း ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ စက်ရုံလည်ပတ်မည်ဆိုပါက စက်မှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ရဲ့ ထောက်ခံချက်များရယူပြီးမှသာ ပြန်လည်လည်ပတ်သွားစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

စက်မှုဇုန်များအတွင်းတည်ရှိနေတဲ့ အရက်ချက်စက်ရုံများဟာလည်း Individual Treatment တွေ မလုပ်နိုင်ပါက စုပေါင်းစွန့်ပစ်ရေသန့်စင်စနစ်ကို ဆောင်ရွက်ဖို့အတွက်လည်း သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီက ညွှန်ကြားတဲ့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် နှစ်စဉ်ယစ်မျိုးအစီအစဉ်အရ အရက်၊ ဘီယာ၊ ဝိုင်ထုတ်လုပ်မှုများကိုလည်း အများပြည်သူသောက်သုံးရန်သင့်/မသင့် ဓာတုဗေဒစစ်ဆေးမှုခံယူစေခြင်းလုပ်ငန်းများ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်စဉ်ယစ်မျိုးအစီအစဉ်မှာ ခွင့်ပြုထားတဲ့ အရက်ချက်စက်ရုံလိုင်စင်အပါအဝင် စစ်ဆေးမှုခံယူနိုင်ရေးအတွက် ဓာတုပစ္စည်းများပါဝင်ခြင်းရှိ/မရှိကို ဓာတုဗေဒဝန်ရုံးမှာလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှာလည်းကောင်း စစ်ဆေးမှုခံယူစေရန်နှင့် စစ်ဆေးမှုခံယူခြင်းမပြုပါက သို့မဟုတ် စစ်ဆေးမှုခံယူသော်လည်း အန္တရာယ်ဖြစ်စေသော ဓာတုပစ္စည်းများပါဝင်နေပါက အဆိုပါလိုင်စင်များမှ အရက်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချခြင်းများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တားမြစ်ပိတ်ပင်ဆောင်ရွက်သွားရေးကိုလည်း အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ D-1 ယစ်မျိုးလိုင်စင်ခွင့်ပြုထားတဲ့ အရက်ချက်စက်ရုံများကို စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ နှစ်စဉ်စစ်ဆေးလျက်ရှိပါတယ်။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှစစ်ဆေး၍ သတ်မှတ်ချက်များနှင့်ကိုက်ညီမှုမရှိတဲ့ D-1 အရက်ချက်စက်ရုံတွေကို ခေတ္တပိတ်သိမ်းပြီး သတ်မှတ်ချက်နှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်စေပြီးမှသာ ပြန်လည်၍ လုပ်ငန်းများ ဆောင်ရွက်စေလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စွန့်ပစ်ရေဆိုးများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိသော ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံတစ်ရုံကို ခေတ္တရပ်ဆိုင်းစေပြီး ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် လိုအပ်တဲ့ပြင်ဆင်မှုများ ဆောင်ရွက်စေခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်စေမှုများအပေါ် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရ

အဖွဲ့မှ ဝန်ကြီးတစ်ဦးအပါအဝင် တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ တတိယ အဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များပါဝင်တဲ့အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ပြီး စက်ရုံကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြန်လည်စမ်းသပ်လည်ပတ်စေခဲ့ပါတယ်။ သို့ရာတွင် စက်ရုံကို ထပ်မံစစ်ဆေးတဲ့အခါမှာ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်သုတေသနဌာနရဲ့ စစ်ဆေးချက်မှတ်တမ်းများအရ B.O.D များဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနရဲ့ အရည်အသွေးထုတ်လွှတ်မှုလမ်းညွှန်ချက် စံချိန်စံညွှန်းများနှင့် ကန့်သတ်ချက်ဘောင် ကျော်လွန်နေတဲ့အတွက် စက်ရုံကို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့မှစ၍ ခေတ္တပိတ်သိမ်းထားရန် ဧရာဝတီတိုင်းဒေသကြီးမှလည်း ကြပ်မတ်ဆောင်ရွက် လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

အလားတူ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံတစ်ရုံ၊ မန္တလေးတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံတစ်ရုံနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အရက်ချက်စက်ရုံ တစ်ရုံတို့ကိုလည်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ရေဆိုးထုတ်စနစ်များ ဆောင်ရွက်နိုင်ရန် ရပ်ဆိုင်းထားရှိပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ပြီးမှသာ စစ်ဆေးခံယူပြီး ပြန်လည် လုပ်ငန်းများဆောင်ရွက်ခွင့်ပြုသွားမှာဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် အခြားသောအရက်ချက်စက်ရုံများအနေဖြင့်လည်း စံချိန်စံညွှန်းနှင့်အညီ ရေဆိုးစွန့်ပစ်ခြင်းများမရှိဘဲ လည်ပတ်နေကြောင်း စိစစ်တွေ့ရှိရပါကလည်း လိုင်စင်ရပ်ဆိုင်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့ သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ အစည်းအဝေး ခန်းမ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြုလုပ်တဲ့ ညှိနှိုင်းအစည်းအဝေးမှာလည်း စံချိန်စံညွှန်းမမီသော အရက်ချက်စက်ရုံများကို သက်ဆိုင်ရာဌာနများမှ စစ်ဆေးစေ၍ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်မကိုက်ညီပါက ပိတ်သိမ်းနိုင်ရေး ဆုံးဖြတ်ချက်ချမှတ် ထားရှိခဲ့ပါတယ်။ ၎င်းဆုံးဖြတ်ချက်များအရ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့လည်း လိုအပ်သည့်ညွှန်ကြားချက်များ ထပ်မံထုတ်ပြန်ထားရှိပြီး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် လက်ရှိကျင့်သုံးနေသော ယစ်မျိုးဆိုင်ရာဥပဒေ၊ နည်းဥပဒေများဟာ လည်း နှစ်ကာလကြာမြင့်နေပြီဖြစ်တဲ့အတွက် ခေတ်ကာလနှင့်မလျော်ညီတော့တဲ့အတွက် လက်တွေ့ ဆောင်ရွက်ရာမှာ တွေ့ကြုံနေရတဲ့အားနည်းချက်၊ လိုအပ်ချက်များအပေါ်အခြေခံ၍ ပြင်ဆင်ရေးဆွဲ

နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာအကြံပေးကော်မတီနှင့် လေ့လာသုံးသပ်ဆွေးနွေးမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အရက်ချက်စက်ရုံများ နေရာပြောင်းရွှေ့ခြင်း၊ စက်ရုံသစ်များ ထပ်မံခွင့်ပြုခြင်းတို့ကို ၂၀၁၀ ခုနှစ်မှ စတင်ပြီး ရပ်ဆိုင်းထားရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အရက်ချက်စက်ရုံများမှ ထွက်ရှိတဲ့ စွန့်ပစ်ရေဆိုးများအား ပြည့်စုံသန့်စင်စနစ်တပ်ဆင်ပြီး ဥပဒေပြဋ္ဌာန်းချက်ပါ စံချိန်စံညွှန်းများနှင့် ညီညွတ်ခြင်းမရှိတဲ့ အရက်ချက်စက်ရုံများကို ရပ်ဆိုင်းထားရှိခြင်း၊ ဒါ့အပြင် ကျန်ရှိနေတဲ့ အရက်ချက်စက်ရုံတွေကိုလည်း သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စိစစ်ဆောင်ရွက်လျက်ရှိပြီး စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိပါက လိုအပ်ချက်များ ပြုပြင်ဆောင်ရွက်ပြီးစီးသည်အထိ ရပ်ဆိုင်းထားရန် ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့်လည်း လည်ပတ်နေသော အရက်ချက်စက်ရုံများကို စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိ/မရှိ စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိခြင်း၊ အရက်စက်ရုံလုပ်ငန်းများကို ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ပြင်ဆင်ဆောင်ရွက်ရေးကိုလည်း အလေးထားကြပ်မတ်လျက်ရှိခြင်း၊ စွန့်ပစ်ရေဆိုးများ စံချိန်စံညွှန်းနှင့်အညီ စွန့်ပစ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာများ ရရှိရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်လျက်ရှိသည့်အပြင် သမ္မတရုံးဝန်ကြီးဌာနတွင် ကျင်းပသည့် အစည်းအဝေးဆုံးဖြတ်ချက်အရ စံချိန်စံညွှန်းမကိုက်ညီသော အရက်ချက်စက်ရုံများကို သက်ဆိုင်ရာဌာနများမှစစ်ဆေး၍ ညွှန်ကြားချက်များနှင့်မကိုက်ညီပါက ပိတ်သိမ်းနိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်လျက်ရှိခြင်း၊ ခေတ်ကာလနှင့်လျော်ညီခြင်းမရှိသည့် ယစ်မျိုးဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့် အမိန့်၊ ညွှန်ကြားချက်များကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ယင်းအဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ အားလုံးပဲ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ပထမဦးစွာ အဆိုကို ထောက်ခံဆွေးနွေးပေးခဲ့ကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး အထူးပဲကျေးဇူးတင်ရှိပါကြောင်းပြောကြားလိုပါတယ်။ နိုင်ငံတော်ရဲ့ရေသယံဇာတ၊ မြေသယံဇာတ၊

ပြည်သူလူထုရဲ့ကျန်းမာရေးမထိခိုက်စေဖို့အတွက် ဒီအဆိုကို တင်ရခြင်းဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ဒီရေဆိုးကန်တွေဟာ နှစ်ပေါင်းများစွာ ပုပ်လှောင်တာကြောင့် မြို့တွေ၊ ရွာတွေပြောင်းပြေး ရတဲ့သာဓကရှိပါတယ်။ တရုတ်နိုင်ငံမှာလည်း မြေအောက်ရေတွေပျက်စီးကုန်တာကြောင့် မြေအောက်ရေတွေကို Pump တွေနဲ့ဆွဲထုတ်။ အဲဒီ ဆွဲထုတ်တဲ့ပမာဏအတိုင်း ရေကောင်းတွေကို ပြန်ပြီးတော့ Pump ပြန်ထည့်ဆိုတော့ သဘာဝပတ်ဝန်းကျင်ကို ခက်ခက်ခဲခဲထိန်းသိမ်းနေရတဲ့အခြေ အနေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအခြေအနေတွေမရောက်ရှိအောင် ကျွန်တော်တို့အနေနဲ့ အခုချိန်မှာ စတင်ဆောင်ရွက် ထားဖို့ ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။

ပြီးတော့ ဒီ Ethanol က သောက်သုံးဖို့မဟုတ်ဘဲ လောင်စာဆီအဖြစ်သုံးဖို့ မူဝါဒချမှတ် ခဲ့ရင်လည်း ဒီလုပ်ငန်းကကြီးမားကျယ်ပြန့်လာမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာဆိုရင် 18E လို့ သတ်မှတ်ထားပါတယ်။ ဓာတ်ဆီထဲမှာ ၁၈ ရာခိုင်နှုန်း Ethanol ရောနှောအသုံးပြုရမယ်ဆိုပြီး တော့ လောင်စာဆီကိုချွေတာတဲ့အနေနဲ့ Ethanol ကိုအသုံးပြုပါတယ်။ တရုတ်နိုင်ငံမှာပဲ 10 % E လို့ သတ်မှတ်ထားပါတယ်။ ဒီဓာတ်ဆီထဲမှာ 10 % Ethanol ထည့်ပြီးတော့ ကားတွေမောင်းရမယ်ဆိုပြီး တော့သတ်မှတ်ထားပါတယ်။ အဲဒီတော့ အဲဒီလို ကျွန်တော်တို့နိုင်ငံအနေနဲ့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျွန်တော်တို့ မူဝါဒချမှတ်ပြီးတော့ Ethanol ကိုအသုံးပြုခဲ့မယ်ဆိုရင် ဒီလုပ်ငန်းပမာဏက အရမ်း ကြီးမားလာမှာ ဖြစ်ပါတယ်။ ဒီလိုချမှတ်ပြီးဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံခြားငွေအများကြီး သက်သာပြီးတော့ ဒီစိုက်ပျိုးရေးလုပ်ငန်းတွေလည်း အများကြီးအကျိုးရှိမှာဖြစ်ပါတယ်။ အဲဒါကြောင့် အခုကတည်းက ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုဥပဒေလည်းပြင်ဆင်ရေးဆွဲပြီးဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု လည်းဖိတ်ခေါ်ထားတာရှိပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းအသစ်တွေမလာခင်မှာ လက်ရှိလုပ်ငန်းတွေ ကို စနစ်တကျ၊ စည်းစနစ်ကျကျဖြစ်အောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဒီအဆိုကိုတင်သွင်းရတာ ဖြစ်ပါ တယ်။ ဒီအရက်ချက်စက်ရုံတွေက စွန့်ပစ်ရေဆိုးတွေကို ပြည့်စုံတဲ့သန့်စင်စနစ်နဲ့သန့်စင်ပြီးတော့ ထုတ်လုပ်ဖို့အတွက် ၂၀၁၂ ခုနှစ် မတ်လမှာ ကျွန်တော်တို့လွှတ်တော်ကနေပြီးတော့ ဥပဒေပြဋ္ဌာန်း ခဲ့ပါတယ်။ အဲဒီလိုပြဋ္ဌာန်းပြီးတော့ ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းမှာ Waste Water Treatment Plan တွေအကုန်လုံးပြီးစီးအောင် ဆောင်ရွက်ဖို့ ညွှန်ကြားချက်တွေလည်းရှိခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခုထိတော့ မလုပ်နိုင်ခဲ့သေးဘူး။ ပြည့်စုံအောင်မဆောင်ရွက်နိုင်သေးပါဘူး။ အခု ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာပဲ ကျွန်တော်တို့ စက်မှုစစ်ဆေးရေးနှင့်ကြီးကြပ်ရေးက ဒီ EMP-Environmental Management Plan တွေရေးဆွဲဖို့၊ Time Schedule တွေရေးဆွဲဖို့၊ နောက်

အမှန်တကယ် Waste Water Treatment လုပ်ဆောင်ခြင်းရှိ/မရှိ၊ ပြီးတော့ တစ်ရက်စွန့်ထုတ်တဲ့ စွန့်ပစ်ပမာဏတွေ၊ နောက် Treatment ပြုလုပ်ပုံအဆင့်ဆင့်တွေ၊ နောက်ဆုံးစွန့်ပစ်တဲ့နေရာတွေကို ဓာတ်ပုံမှတ်တမ်းနှင့်တကွတင်ပြဖို့ ညွှန်ကြားချက်တွေလည်းရှိပြီးသားပါ။ ဒါကြောင့် ဒီလုပ်ငန်းတွေကို အမြန်ဆုံးအကောင်အထည်ဖော်ဖို့၊ တိတိကျကျလိုက်နာဆောင်ရွက်ဖို့ ဒီအဆိုကိုတင်သွင်းရခြင်းဖြစ်ပါတယ်။ ဒီအဆိုကို မှတ်တမ်းတင်ထားရှိမယ်ဆိုရင်လည်း အချိန်ကာလတစ်ခုအတွင်းမှာပြီးစီးအောင် စောင့်ကြည့်ကြပ်မတ်ပေးဖို့ လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအောင်ကျော်ကျော်ဦး၊ လှိုင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့ အဆိုကို ကိုယ်စားလှယ် ၁၁ ဦးကဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း ဒီအဆိုနှင့်ပတ်သက်ပြီး မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ရှင်းလင်းပြောကြားသွားတာရှိပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်ကျော်ကျော်ဦးတင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ လွှတ်တော်ကို တစ်ခု ရှင်းလင်းတင်ပြလိုပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့လည်း ဒီကိစ္စကို ကြပ်ကြပ်မတ်မတ် တည်ဆဲဥပဒေ၊ နည်းဥပဒေနဲ့အညီ ဆောင်ရွက်ပေးစေလိုပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ကိုယ်စားလှယ်တွေကလည်း ဒီကိစ္စနှင့်စပ်လျဉ်းပြီး မျက်ခြေမပြတ် ဖော်ထုတ်ပေးဖို့လိုပါတယ်။ ကျွန်တော်တို့လွှတ်တော်အနေနဲ့လည်း ဒီကိစ္စကို အလေးအနက်ထားပြီးတော့ မှတ်တမ်းတင်ရုံတင် မဟုတ်ဘူး။ ရှေ့ဆက်စောင့်ကြည့်သွားမယ်ဆိုတာကို လွှတ်တော်ကို ရှင်းလင်းတင်ပြအပ်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ

ပုံမှန်အစည်းအဝေး န၀မနေ့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်(ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၃း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]